ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 9 June 2023 ၁၁၁၂၁

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စုဘူးအတွင်းသို့ အောင်အတိတ်အောင်နိမိတ်ဆောင် အောင်မင်္ဂလာ ရွှေဒင်္ဂါးကိုထည့်သွင်း၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်သစ်ကြီးကို စတင်ဖွင့်လှစ်ပေးစဉ်။

# အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

## ပြည်သူများအနေဖြင့် မိမိတို့၏ မိုဘိုင်းတယ်လီဖုန်းများကိုအသုံးပြုပြီး အောင်ဘာလေသိန်းဆုထီကို အွန်လိုင်းထီအက်ပလီကေးရှင်းမှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး သတ်မှတ်ဈေးနှုန်းအတိုင်း လွယ်ကူအဆင်ပြေစွာ ကံစမ်းနိုင်ကြမည်

**နေပြည်တော် ဇွန် ၈**

အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊

**စာမျက်နှာ ၃ ကော်လံ ၁ ✪**



ကြေးမုံ

# ပြည်သူများ၏ လူမှုဘဝလိုအပ်ချက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်

ပြည်သူများ၏ လူမှုစီးပွားဘဝများစွာအနက် အဓိကလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ ယခင်ကာလများနှင့်မတူ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာခဲ့သည်။ လျှပ်စစ်ဓာတ်အားရရှိရေးတွင် လတ်တလော၌ အခက်အခဲအကြောင်းအမျိုးမျိုးရှိ၍ အလုံးစုံမရရှိသေးသော်လည်း နိုင်ငံတစ်ဝန်းလုံးရရှိရေးကို အတတ်နိုင်ဆုံးဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မေလ ၁၄ ရက်နေ့က တိုက်ခတ်ခဲ့သော အလွန့်အလွန်အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်၌ လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့သည်။ မုန်တိုင်းမှာ အလွန်အင်အားပြင်းထန်သောကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာရပ်ကွက်များတွင် သွယ်တန်းထားသော ဓာတ်တိုင်များနှင့် နိုင်ငံတော်ဓာတ်အားလိုင်းမှ ဖြန့်ဝေပေးသော ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းတစ်လျှောက်ရှိ မြစ်ကျော်တိုင်များအပါအဝင် တာဝါတိုင်များ ကျိုးပြတ်လဲပြိုကျကာ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားခဲ့သည်။

အဆိုပါဓာတ်အားလိုင်းနှင့်ဆက်စပ်နေသော စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြား-မြေပုံ-ပေါက်တောမြို့များ၊ ရသေ့တောင်-ဘူးသီးတောင်-မောင်တောမြို့များ လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့သည်။ အလားတူ ၆၆ ကေဗွီဓာတ်အားခွဲရုံများ၊ ၆၆ ကေဗွီဓာတ်အားလိုင်းများနှင့် မြစ်ကျော်တိုင်များအားလုံး ချို့ယွင်းပျက်စီးသွားခဲ့ပြီး ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်ရှိသည့်အနက် ၁၀ မြို့နယ်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့သည်။ ပျက်စီးမှုများကို အမြန်ဆုံးပြန်လည်ပြင်ဆင်ပြီး လျှပ်စစ်ဓာတ်အားပြန်လည်လွှတ်ပေးနိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများရှိ မြို့များ လျှပ်စစ်ဓာတ်အား အမြန်ရရှိရေးအတွက် ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီဓာတ်အားလိုင်းများ ပြင်ဆင်ရေးဝန်ထမ်း ၅၈၁ ဦး၊ ယန္တရား ၆၂ စီးကို အဖွဲ့ ၁၆ ဖွဲ့ခွဲ၍ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပြီး မြို့တွင်းဓာတ်အားလိုင်းများ ပြင်ဆင်ရေးအတွက် ဝန်ထမ်းအင်အား ၆၄၂ ဦး၊ ကရိန်းယာဉ် ၃၆ စီး၊ အုပ်ချုပ်မှုယာဉ် ၃၆ စီး၊ အဖွဲ့ ၁၄ ဖွဲ့နှင့် ပြင်ပကုမ္ပဏီတစ်ဖွဲ့ စုစုပေါင်း ၁၅ ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းလမ်းကြောင်း၌ ရာနှုန်းပြည့်နီးပါး ပြင်ဆင်ပြီးစီးခဲ့ပြီး ၆၆ ကေဗွီ ဓာတ်အားလိုင်း ပုဏ္ဏားကျွန်း-စစ်တွေလမ်းကြောင်း၌ ရာခိုင်နှုန်းပြည့် ပြင်ဆင်ပြီးစီးပြီဖြစ်၍ ဇွန်လ ၇ ရက်နေ့တွင် စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများစတင်ဖြန့်ဝေပေးခဲ့ရာ ပြည်သူများ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။

စစ်တွေမြို့၌ ၁၁ ကေဗွီနှင့် ဗို့ ၄၀၀ မြို့တွင်းဖြန့်ဖြူးရေးဓာတ်အားလိုင်းများအားလုံး ပြင်ဆင်ပြီးစီးခဲ့ပြီး ကျောက်တော်မြို့၌ ၉၉ ရာခိုင်နှုန်း၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်မြို့များ၌ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဇူလိုင်လ ပထမပတ်အတွင်း အဆိုပါမြို့များအားလုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်သည်။ မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ထောင်ကျော် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် အချိန်တိုအတွင်း ဒေသခံပြည်သူများ လျှပ်စစ်မီးပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။

မုန်တိုင်းသင့်ဒေသများမှ ပြည်သူများ၏ အဓိကလိုအပ်ချက်များတွင် သန့်ရှင်းသောရေရရှိရေးလည်းပါဝင်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့က ရခိုင်ပြည်နယ်ရှိ မုန်တိုင်းသင့်ဒေသများမှ မြို့ရွာရပ်ကွက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရွှေ့လျားရေသန့်ကားများ၊ ရေနောက်မှ ရေကြည်အဖြစ်သို့ သန့်စင်ပေးသည့် ရေသန့်စက်များ၊ ဆိုလာစနစ်သုံး ရေသန့်စက်များဖြင့် ချက်ချင်းဖြန့်ဝေပေးလျက်ရှိသည်။ အလားတူ ဆက်သွယ်ရေးစနစ်များ၊ နေအိမ်အဆောက်အအုံနှင့်စားရေရိက္ခာများပါမကျန် အစစ အရာရာ လိုအပ်သည်များကို အဖွဲ့အစည်းများအလိုက် အလျင်အမြန် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အချိန်တိုကာလအတွင်း တိုးတက်ကောင်းမွန်လာပြီး မျှားမကြာမီကာလများတွင် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းသင့်ဒေသများ မူလအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## အင်းလေးဒေသ ရေပေါ်သကြၤန် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဇွန် ၈



၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးရေပေါ်သကြၤန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်နှင့် ခရီးသွားပြည်သူများ လာရောက်လေ့လာလည်ပတ်နိုင်ရန်ရည်ရွယ်၍ အင်းလေးဒေသ ရေပေါ်သကြၤန် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကျင်းပခဲ့ရာ အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃) ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အင်းလေးရေပေါ်သကြၤန် စည်ကားစေရန်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း၊ အင်းလေးရေပေါ်သကြၤန်ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲများ စတင်ဆောင်ရွက်ပေးခဲ့ပြီး မကြာမီကာလတွင် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်များ တွင်လည်း ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် ဓာတ်ပုံဆရာများ အနေဖြင့် အင်းလေးရေပေါ်သကြၤန် ပြိုင်ပွဲထက် ပိုမိုပါဝင်ဆင်နွှဲပေးနိုင်ရန် ပြောကြားသည်။

ဆုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပထမဆုရရှိသူ ဦးဆွေလွင်မြင့်အား ငွေကျပ်သိန်း ၅၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ ဒုတိယဆုရရှိသူ ဦးရဲဝင်းညွန့်အား ငွေကျပ်သိန်း ၄၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ တတိယဆုရရှိသူ ဦးအောင်မိုးသူအား ငွေကျပ်သိန်း ၃၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း ချီးမြှင့်ပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အထူးဆုရရှိသူ ၁၀ ဦးအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## လျှပ်စစ်ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် ဇွန် ၈

အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သစ်ပင်၊ သစ်ကိုင်းများကြောင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု



လျော့နည်းကျဆင်းစေရေးနှင့် ဗို့အားပြည့်ဝစွာ ရရှိရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အနော်ရထာစက်မှုဇုန် မြစိမ်းရောင်လမ်းရှိ လှိုင်သာယာ-ရွှေသံလွင်၊ လှိုင်သာယာ-နဝဒေး 33kV နှစ်ထပ်ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ယမန်နေ့နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ခုတ်ထွင်ရှင်းလင်းရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ ဝန်ထမ်းအင်အား ၂၀ ဖြင့် သစ်ပင်ခုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၈၁၃ | ၆,၅၀၄,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၀၀ | ၄,၇၀၇ | ၁၃,၈၆၄,၄၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၉၈ | ၇၁၅,၄၀၀ |
| FPB | ၁,၅၀၀ | ၁,၄၅၀ | ၈,၁၀၁ | ၁၂,၁၄၆,၅၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၂၄ | ၆၁,၂၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁ | ၄,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# လက်ရှိ အောင်ဘာလေသိန်းဆုထီလက်မှတ်များကို ပုံနှိပ်ဖြန့်ဖြူးရောင်းချသည့်စနစ်အပြင် ပြည်သူလူထုအားလုံး အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာထီကံစမ်းနိုင်ရန် အွန်လိုင်းထီစနစ်ကို စတင်လုပ်ဆောင်ရခြင်းဖြစ်

✪ ရွှေဖုံးမှ

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စား Viettel Group မှ တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကြည့်ရှုအားပေး

ဦးစွာ အောင်ဘာလေ အဖွင့်သီချင်း **"အောင်"**တေးသီချင်းကို အဆိုအကများဖြင့် လည်းကောင်း၊ "The era of the digital in Myanmar" တေးသီချင်းကို အကဖြင့် လည်းကောင်း တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်ပွဲပြုလုပ်ပြီး စတင်ဆောင်ရွက်မည့် **"အောင်ဘာလေ"**အွန်လိုင်းသိန်းဆုထီစနစ် အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက လက်ရှိ ကျင့်သုံးဆောင်ရွက်နေသည့် အောင်ဘာလေသိန်းဆုထီလက်မှတ်များကို ပုံနှိပ်ပြီး ရောင်းချသည့် စနစ်အပြင် ပြောင်းလဲ တိုးတက်လာသည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေပြီး ထီကံစမ်းလိုသူ မိဘပြည်သူများအနေဖြင့် သတ်မှတ်ဈေးနှုန်းများအတိုင်း အွန်လိုင်းမှ လွယ်ကူစွာ ထီကံစမ်းနိုင်ရန် အတွက်ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး တရားဝင်အသုံးပြုတော့မည့် အောင်ဘာလေ အွန်လိုင်းသိန်းဆု ထီစနစ် အက်ပလီကေးရှင်းကို စတင်မိတ်ဆက်မည် ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ဖွင့်ပွဲ အထိမ်းအမှတ် Logo ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပေးအပ်စဉ်။

အောင်ဘာလေဆိုသည်နှင့် ပတ်သက်၍ ရှေးရှေးမြန်မာများသည် ဆောင်ရွက်ရန် အလွန်ခက်ခဲသည့် ကုသိုလ်ကောင်းမှုကိစ္စရပ်တစ်ခုခုကိုအောင်မြင်စွာဆောင်ရွက်နိုင်သည့်အခါ **"အောင်ဘာလေ"**ဟု ကျူးရင့်သည့်အလေ့အထ စွဲမြဲလာခဲ့သည်ကို တွေ့ရပါကြောင်း၊ အလားတူ ရပ်ထဲရွာထဲတွင် မဟာဒုက်မဲ၊ စာရေးတံမဲ၊ ကံစမ်းမဲပေါက်ကြသူများ၏ နာမည်နှင့်တွဲပြီး **"အောင်ဘာလေ"**ဟုကြေညာလေ့ရှိသည်ကို သိရပါကြောင်း၊ ခက်ခဲသည့် အလုပ်တစ်ခုခုပြီးဆုံးသည်ဖြစ်စေ၊ ကုသိုလ်ကောင်းမှုတစ်ခုခု အောင်မြင်သည်ဖြစ်စေ အောင်အတိတ်အောင်နိမိတ်ဆောင်သည့် တေးသီချင်းတစ်ပုဒ်ကို ပျော်ရွှင်ဝမ်းမြောက်စွာ ကျူးရင့်ဟစ်ကြွေးလေ့ရှိရာ အဆိုပါသီချင်းမှာ **"အောင်ဘာလေ သပြေပန်းနှင့် ရေချမ်းလောင်း"**ဟူ၍ဖြစ်သည်ဟု သိရှိရပါကြောင်း။

## တိုးချဲ့ချီးမြှင့်ခဲ့

ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ ဝယ်ယူကံစမ်းမှု မြင့်တက်လာသည်နှင့်အမျှ ထီလက်မှတ်ဈေးနှုန်းများကို အောင်ဘာလေထီနှစ်ကျပ်တန်ထီစနစ်မှ ကျပ် ၁၀၀၀ တန် ထီစနစ်အထိ တိုးမြှင့်လာခဲ့သကဲ့သို့ ချီးမြှင့်သည့် ထီဆုငွေပမာဏများ တိုးမြှင့်လာခဲ့ပြီး ဆုမဲအရေအတွက်များကိုလည်း တိုးချဲ့ချီးမြှင့်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကျပ် ၁၀၀၀ တန်ထီကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က စတင်ရောင်းချခဲ့ပြီး အမြင့်ဆုံးဆုမဲ တန်ဖိုးငွေကျပ်သိန်းတစ်သောင်းခွဲ (သန်း ၁၅၀၀) အထိ ချီးမြှင့်ပေးခဲ့ပါကြောင်း။

ထို့ပြင် လက်ရှိရောင်းချလျက်ရှိသည့် အောင်ဘာလေသိန်းဆုထီလက်မှတ်စနစ်၏ အားနည်းချက်များအပေါ် ပြည်သူလူထုက ဝေဖန်မှုများ ရှိနေသည်ကိုသိရှိရပြီး အထူးသဖြင့် ထီလက်မှတ်ဈေးနှုန်းသည် သတ်မှတ်ဈေးနှုန်းထက် ထီဆိုင်များက ဈေးကြီးပြီး ဝယ်ယူကံစမ်းနေကြရခြင်းအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုမှုများရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်ကို စတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးကိုရှေးရှုပြီး ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ **"ရွှေသို့လှမ်းချီ ပန်းတိုင်ဆီ"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အောင်မြင်စေရေး စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်သူတို့ ကျန်းမာပျော်ရွှင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ အောင်ဘာလေအွန်လိုင်းထီစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည်လည်း ပြည်သူများအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

## ၇၀ ရာခိုင်နှုန်းအထိတိုးမြှင့်

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ပြည်သူများ စိတ်အပန်းဖြေပျော်ရွှင်စေရေး၊ တရားမဝင်လောင်းကစားလုပ်ငန်းများကို လျှော့ချတားဆီး ကာကွယ်ပေးနိုင်ရေးအတွက် အောင်ဘာလေသိန်းဆုထီကို စနစ်တကျဖြင့် စဉ်ဆက်မပြတ် ပုံမှန်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင် ထီဆုငွေကိုလည်း ပြည်သူပြည်သားများ၏အကျိုးကိုရှေးရှုပြီး ယခင်က ထီလက်မှတ်ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ခွဲဝေထုတ်ပေးနေရာမှ ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြီး ဆုမဲခွဲဝေချီးမြှင့်ခဲ့ပါကြောင်း။

လက်ရှိအောင်ဘာလေသိန်းဆုထီလက်မှတ်များကို ပုံနှိပ်ရောင်းချသည့် စနစ်အပြင် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေမှုရှိစေရန် ထီကံစမ်းသူမိဘပြည်သူများ သတ်မှတ်ဈေးနှုန်းဖြင့် လွယ်ကူစွာ ထီကံစမ်းနိုင်ရန် အတွက် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့် မိမိတို့၏ မိုဘိုင်းတယ်လီဖုန်းများကို အသုံးပြုပြီး အောင်ဘာလေသိန်းဆုထီကို အွန်လိုင်းထီအက်ပလီကေးရှင်းမှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး သတ်မှတ်ဈေးနှုန်းအတိုင်း လွယ်ကူအဆင်ပြေစွာ ကံစမ်းနိုင်ကြမည်ဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ အီလက်ထရွန်နစ်ထီစနစ်ကို အကောင်အထည်မဖော်နိုင်မီစပ်ကြားတွင် အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယခင်အစိုးရများလက်ထက် ကတည်းကပင် လွှတ်တော်၌ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ သို့သော် ထီဥပဒေပြဋ္ဌာန်းထားမှု မရှိခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

## လွယ်ကူစွာ ထီကံစမ်းနိုင်ရန်

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် လက်ရှိ အောင်ဘာလေ သိန်းဆုထီလက်မှတ်များကို ပုံနှိပ်ဖြန့်ဖြူးရောင်းချသည့်စနစ်အပြင် ပြည်သူလူထုအားလုံး အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာ ထီကံစမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် အခုကဲ့သို့ အွန်လိုင်းထီစနစ်ကို စတင်လုပ်ဆောင်ရခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတကာတွင် ခေတ်မီဆန်းသစ်သည့် Digital နည်းပညာများဖြင့် လုပ်ကိုင်လာသည့်အချိန်တွင် မိမိတို့နိုင်ငံ၌လည်း အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ထီကံစမ်းသူများ အလွယ်တကူ စိတ်ကြိုက်နံပါတ်များ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး မြို့ပြနှင့် ကျေးလက်နေပြည်သူများအားလုံး အဆင်ပြေလွယ်ကူစွာ ထီကံစမ်းနိုင်ကြတော့မည် ဖြစ်ပါကြောင်း။

အောင်ဘာလေ အွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကို အသုံးပြုပြီး ကံစမ်းသူများအနေဖြင့် ထီလက်မှတ်ဝယ်ယူခြင်း၊ ထီဖိုးငွေပေးချေခြင်းမှစပြီး ဆုငွေရယူခြင်းအဆင့်အထိ ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ 

**စာမျက်နှာ ၄ သို့ »»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက် လာကြသူများ "အောင်ဘာလေ အွန်လိုင်းသိန်းဆုထီအား ထိုးလိုက်ကြပါစို့"တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။



»»» စာမျက်နှာ ၃ မှ

ထီဖွင့်ပွဲကျင်းပချိန်တွင်လည်း ထီတိုက်ရန်မလိုဘဲ ကံထူးသူများ၏ မိုဘိုင်းတယ်လီဖုန်းများကို SMS ပေးပို့ အကြောင်းကြားလာမည်ဖြစ်ပြီး ထီဆုငွေထုတ်ယူရာတွင်လည်း မှန်ကန်လွယ်ကူစေရေးအတွက် ပမာဏနည်းသည့် ဆုကြေးငွေများကို အွန်လိုင်းမှ လွှဲပြောင်းပေးခြင်း၊ ထီကံထူးသူများ၏ ဘဏ်ငွေစာရင်းအကောင့်သို့ ပေးပို့ခြင်းများကို အီလက်ထရွန်နစ် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း။

**လွယ်ကူစွာ ထီကံစမ်းနိုင်**

ယနေ့ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကို စတင်နိုင်ခြင်းသည် ဒစ်ဂျစ်တယ်နည်းပညာနှင့် မိုဘိုင်းငွေပေးချေမှုစနစ်များ အသုံးပြုပြီး လွယ်ကူစွာ ထီကံစမ်းနိုင်သည့် Digital Lottery Platform စနစ်သစ်ကို စတင်မိတ်ဆက်အသုံးပြုနိုင်ခြင်းပင် ဖြစ်ပါကြောင်း၊ အကျိုးဆက်အဖြစ် အနာဂတ်တွင် နိုင်ငံတော်အခွန်ဘဏ္ဍာရရှိမှုတိုးတက်စေရေး၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ် စီးပွားရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေသားကိုင်တွယ်သုံးစွဲမှုလျှော့ချစေရေး (Cashless Society)အစရှိသည့် ကောင်းကျိုးများစွာတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။

အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့်အတူ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် Telecom International Myanmar Co., Ltd. တို့က ပူးပေါင်းပါဝင်ကြိုးပမ်းအားထုတ်အကောင်အထည်ဖော် ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့သည်လည်း Telecom International Myanmar Co., Ltd. (Mytel)၏ စတင် Launching Ceremony ဆောင်ရွက်ခဲ့သည့် (၅)နှစ်ပြည့်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက်လည်း ဖြတ်သန်းလာခဲ့သည့် (၅)နှစ်တာကာလအတွင်း အောင်မြင်မှုများကိုလည်း အသိအမှတ်ပြုသည်ကို ပြောကြားလိုပါကြောင်း၊ စနစ်သစ်တစ်ခုကို ပြောင်းလဲဖော်ဆောင်ရာတွင် နိုင်ငံတော်ကို ကိုယ်စားပြုဆောင်ရွက်ရသည့်အတွက် အလွန်တာဝန်ကြီးမားလှပါကြောင်း၊ နိုင်ငံတော်အတွက် အသစ်စတင်မိတ်ဆက်နိုင်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ် ဖြစ်သည့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှ Vice President Major General Nguyen Thanh Nam က Mytel မှ တာဝန်ရှိသူများထံ Mytel (၅) နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။

**မိတ်ဆက်ပြသ**

ယင်းနောက် အောင်ဘာလေ သိန်းဆုထီ သမိုင်းကြောင်း Documentary နှင့် အောင်ဘာလေ အွန်လိုင်းသိန်းဆု ထီစနစ်ကို Video Clip ဖြင့် မိတ်ဆက်ပြသသည်။

ဆက်လက်၍ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်အား ဖွင့်လှစ်ခြင်းကိုပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး



ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီး ဌာနကိုယ်စား Viettel Group မှ Vice President Major General Nguyen Thanh Nam က ကျေးဇူးတင်စကားပြောကြားစဉ်။

ညီ့စောနှင့် Viettel Group မှ (Mytel)CEO Nguyen Tien Dung တို့က အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ် ဖွင့်ပွဲအဖြစ် စုဘူးအတွင်းသို့ ရွှေဒင်္ဂါးများအား တစ်ပြိုင်နက်တည်း ထည့်သွင်းဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က စုဘူးအတွင်းသို့ အောင်အတိတ် အောင်နိမိတ်ဆောင် အောင်မင်္ဂလာ ရွှေဒင်္ဂါးကို ထည့်သွင်း၍ အောင်ဘာလေ အွန်လိုင်းသိန်းဆု ထီစနစ်သစ်ကြီးကို စတင် ဖွင့်လှစ်ပေးသည်။

ထို့နောက် အောင်ဘာလေ အွန်လိုင်း သိန်းဆုထီစနစ်ဖွင့်ပွဲ အထိမ်းအမှတ် Logo ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပေးအပ်သည်။

ယင်းနောက် အောင်ဘာလေ အွန်လိုင်း သိန်းဆုထီစနစ်နှင့် ပတ်သက်၍ Mytel မှ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဒေါက်တာနီလာအေးက အောင်ဘာလေ အွန်လိုင်း သိန်းဆုထီစနစ် Mobile Application Download မှသည် သိန်းဆုထီများ ထုတ်ယူပုံအထိ မည်သို့မည်ပုံ ဆောင်ရွက်သွားရမည့် Procedure နှင့် အားသာချက်များကို တစ်ဆင့်ချင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် "အောင်ဘာလေထီ ထိုးစို့" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်ကြပြီး အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်တွင် ပါတနာအဖြစ် ဆောင်ရွက်သည့် Telecom International Myanmar Co., Ltd. (Mytel) (၅) နှစ်ပြည့် အမှတ်တရ မှတ်တမ်းကို ပြသသည်။

ယင်းနောက် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှ Vice President Major General Nguyen Thanh Nam က ကျေးဇူးတင်စကား ပြောကြားသည်။

**ဂုဏ်ပြုလက်မှတ်ပေးအပ်**

ထို့နောက် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၊ ကာကွယ်ရေး ဝန်ကြီးဌာန ကိုယ်စား Viettel Group မှ Vice President Major General Nguyen Thanh Nam က Mytel မှ တာဝန်ရှိသူများထံ Mytel (၅) နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုလက်မှတ် ပေးအပ်သည်။

ယင်းနောက် မြန်မာ၊ ဗီယက်နမ် အကအလှတေးဂီတအဖွဲ့များက **"We Love Myanmar" တေးသီချင်းနှင့် "အောင်ဘာလေအွန်လိုင်း သိန်းဆုထီအား ထိုးလိုက်ကြပါစို့"** တေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အောင်ဘာလေ အွန်လိုင်းသိန်းဆု ထီစနစ် Mobile Application အသုံးပြုမှုကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ထီဖွင့်ပွဲကျင်းပချိန်တွင်လည်း ထီတိုက်ရန်မလိုဘဲ ကံထူးသူများ၏ မိုဘိုင်းတယ်လီဖုန်းများကို SMS ပေးပို့ အကြောင်းကြားလာမည်ဖြစ်ပြီး ထီဆုငွေထုတ်ယူရာတွင်လည်း မှန်ကန်လွယ်ကူစေရေးအတွက် ပမာဏနည်းသည့် ဆုကြေးငွေများကို အွန်လိုင်းမှ လွှဲပြောင်းပေးခြင်း၊ ထီကံထူးသူများ၏ ဘဏ်ငွေစာရင်းအကောင့်သို့ ပေးပို့ခြင်းများကို အီလက်ထရွန်နစ် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

## သစ်တောများနှင့် သစ်ပင်များကို အမြတ်တနိုး တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထပ်မံစိုက်ပျိုးခြင်းများသည် တိုင်းပြည်တစ်ပြည်အတွက် ကောင်းကျိုးများစွာကို ဖန်တီးပေးခြင်းပင်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**နေပြည်တော် ဇွန် ၈**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

### မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် **“သစ်တောနှင့် သစ်ပင် ချစ်ခင်သည့်လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး”** ဟူသည့် ဆောင်ပုဒ်အတိုင်း သစ်တောများနှင့်သစ်ပင်များကို အမြတ်တနိုး တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထပ်မံစိုက်ပျိုးခြင်းများသည် တိုင်းပြည်တစ်ပြည်အတွက် ကောင်းကျိုးများစွာကို ဖန်တီးပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ၂၀၁၁ ခုနှစ်မှစ၍ တပ်မတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုဆိုပါက ဆယ်စုနှစ်တစ်ခုကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင်စောင့်ရှောက်နိုင်ရေး ယခုကဲ့သို့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ မိုးရာသီသစ်ပင်စိုက်ပွဲများပြုလုပ်၍ စိုက်ပျိုးခဲ့ကြရာတွင် အပင် စုစုပေါင်း ၁၈၀၀၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့ပြီး အပင်ရေတစ်သိန်းကျော် ရှင်သန်သည်ကို တွေ့ရှိရကြောင်း၊ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ဆိုပါက ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စုစုပေါင်း သစ်ပင် ၂၁ သန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး အပင်ရေ ၁၅ သန်းကျော်ရှင်သန်သဖြင့် ၇၀ ရာခိုင်နှုန်းကျော်ရှင်သန်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝသယံဇာတများစွာကို ပိုင်ဆိုင်ထားရှိပြီး စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်ကြကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေသည်အဓိကအရေးကြီးကြောင်း၊ **“ဥတုရာသီ တောကိုမှီ”** ဟူသည့်အတိုင်း သစ်တောသစ်ပင်များသည် ရာသီဥတုကိုကောင်းစေပြီး ရေကိုလည်း ထိန်းပေးနိုင်ကြောင်း၊ ထို့ကြောင့် သစ်ပင်များစိုက်ပျိုးရာတွင် ရှင်သန်အောင်စိုက်ပျိုးရန်နှင့် ရေရှည်ကြီးထွားစေရေး ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း။

### နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုး မပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် အရိပ်အာဝါသနှင့် လုံခြုံမှုကို ပေးစွမ်းမည်

သစ်တောတစ်ခုကို ဖန်တီးမည်ဆိုပါက အနည်းဆုံး ၁၀ နှစ်နှင့် အထက် ကြာမြင့်မည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် အရိပ်အာဝါသနှင့် လုံခြုံမှုကို ပေးစွမ်းမည်ဖြစ်ကြောင်း၊ ရှေးဘိုးဘွားဘီဘင်များ စိုက်ပျိုးခဲ့ကြသဖြင့် မိမိတို့ ယခုကဲ့သို့ စိမ်းလန်းသာယာစိုပြည်သည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုတွင် နေထိုင်နိုင်ကြသည်ကို ဆင်ခြင် သတိပြုမိကြရန်လိုကြောင်း။ **စာမျက်နှာ ၆ သို့** ✳

✻ စာမျက်နှာ ၅ မှ

နေပြည်တော်ကို Green City အဖြစ် အစဉ်အမြဲ လှပနေစေရေး စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို မြို့တည်ထောင်ပြီးချိန်မှ ယနေ့တိုင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်မြို့ပြ စတင်တည်ထောင်ချိန်တွင် စိုက်ပျိုးခဲ့သည့် သစ်ပင်ပန်းမန်များနှင့် အရိပ်ရပင်များကို ထိန်းသိမ်းမှုကြောင့် ရှင်သန်နေသည့် သစ်တောများသည် ယနေ့တွင် မြင်ရသူအပေါင်းကို စိတ်နှလုံးအေးချမ်းအောင် ဖန်တီးနိုင်ခဲ့သည်ကို တွေ့ရမည်ပင်ဖြစ်ကြောင်း၊ မြို့တစ်မြို့ကို စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ခြင်းမှ နိုင်ငံတစ်နိုင်ငံလုံးလွှမ်းခြုံမှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတကျအောင် နေနိုင်မည်ဖြစ်ပြီး မလိုလားအပ်သည့် သဘာဝဘေးအန္တရာယ်များကိုကျော်လွှားနိုင်မည်လည်းဖြစ်ကြောင်းကို အသိပေး ပြောကြားလိုကြောင်း ပြောကြားသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၉၁၈၉ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၁၇၆၄ ပင်၊ မန်ကျည်းရှား ၈၈၂ ပင်၊ ပိတောက် ၈၈၂ ပင် စုစုပေါင်း ၃၅၂၈ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် ၃၆ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၉,၁၈၉ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၀၃၉၈ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အရာရှိစစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်၌ အပင် ၁၁၄၇၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၉၈၆ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၁၃၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၂၂၅ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၃၈၃၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄၈၇၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၃၆၉၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃၁၂၂ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၆၇၁၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၈၉၀၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၆၂၈၉ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၈၇၆၁ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၃၇၈၈၀ နှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၆၉၈၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၀၃၉၈ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာချာလီသန်း


ပြည်ထောင်စုဝန်ကြီး ဦးလှမိုး


ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ မျိုးသိန်းကျော်

☆ **ကျောဖုံးမှ**

ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးကို ၂၀၂၃ ခုနှစ် မေ ၂၇ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးမှ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အေဂျင်စီများက ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် MSME လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ပြီး အားပေးခြင်း၊ အကြံပေးခြင်း၊ ညှိနှိုင်းဆွေးနွေးပေးခြင်းတို့အပြင် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME နှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဉ်များတွင် လမ်းညွှန်ခဲ့သည်မှာ ညွှန်ကြားချက် ၁၉၀ ကျော်ရှိပြီး လုပ်ငန်းရှင်များနှင့် ဒေသခံများ၏ တင်ပြချက်များမှာ အချက်ပေါင်း ၂၃၀ ကျော်ရှိကြောင်း၊ ယင်းတင်ပြချက်များမှာ နည်းပညာ၊ ငွေကြေး၊ ဈေးကွက်နှင့် မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြားကဏ္ဍများပါဝင်ကြောင်း၊ ယင်းတင်ပြချက်များအပေါ် မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အေဂျင်စီများနှင့်ချိတ်ဆက်ပြီး ကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် MSME နှင့် စပ်လျဉ်း၍ လမ်းညွှန်သည့် အဓိကအခြေခံအချက်များမှာ ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်ရရှိစေရန် ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယင်းအချက်များကို လက်လွှတ်၍ မရသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ် အေဂျင်စီများကလည်း အဆိုပါအခြေခံအချက်သုံးချက်ကို မူတည်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယင်းသို့ဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် သေချာသော ဒေသထွက်ကုန်ကြမ်းများကို အခြေခံပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော One Region One Product ဒေသတစ်ခု ထွက်ကုန်တစ်မျိုး ထုတ်လုပ်နိုင်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကို သက်ဆိုင်ရာအေဂျင်စီအလိုက် အဓိကထုတ်ကုန်သတ်မှတ်ပြီး ပြည်တွင်းထုတ်ကုန်အပြင် ပြည်ပတင်ပို့နိုင်သည်အထိ ရည်ရွယ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် အခြေခံအချက်သုံးချက် ဖြစ်သည့် ပြည်တွင်းထုတ်ကုန် အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်တိုးမြှင့်ရရှိစေရန် စသည့်အချက်များအပေါ် မူတည်ပြီး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အေဂျင်စီများ ညှိနှိုင်းပြီး ထုတ်ကုန်နယ်ပယ်ကိုလည်း သတ်မှတ်လျက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်နယ်ပယ်များအနေဖြင့် အဓိကဆီထွက်သီးနှံအပါအဝင် စားသောက်ကုန်လုပ်ငန်း၊ ဆန်နှင့် ဆန်ကွဲ၊ ပီလောပီနံ၊ ရော်ဘာ၊ ဝါ၊ ကော်ဖီနှင့် လက်ဖက်၊ သစ်တောထွက်ပစ္စည်း၊ ကြိမ်/ဝါး၊ သားငါးနှင့် တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးအခြေခံထွက်ကုန် ထုတ်လုပ်နိုင်ရန် မိမိဒေသအလိုက် ရရှိနိုင်သည့် ကုန်ကြမ်းပေါ်မူတည်ပြီး ထွက်ကုန်နယ်ပယ် သတ်မှတ်ရေးနှင့် ပြည်ပသို့တင်ပို့နိုင်သည်အထိရည်ရွယ်ပြီး ဆွေးနွေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအပိုင်းကလည်း ထုတ်လုပ်နိုင်မည့် ထုတ်ကုန်အပေါ်မူတည်ပြီး ဖြစ်နိုင်ခြေကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စီမံချက်ရေးဆွဲဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် MSME လုပ်ငန်းရှင်များကို သမဝါယမစနစ်၊ ပုဂ္ဂလိကစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ ပံ့ပိုးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ငွေကြေးစီးဆင်းမှုလွယ်ကူအောင် ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းရှင်များ အသိပညာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ စွန့်ဦးတီထွင်လုပ်ငန်းအတွက်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ သတင်းကွန်ရက် ဖြန့်ဝေမှုအပိုင်းတွင် MSME လုပ်ငန်းရှင်များနှင့် အများပြည်သူများအတွက် မှန်ကန်မြန်ဆန်စွာရောက်ရှိရေးနှင့် MSME လုပ်ငန်းရှင်များအတွက် ကျွမ်းကျင်လုပ်သားနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် ဈေးကွက်နှင့်လုပ်ငန်းစဉ် ကွင်းဆက်မပြတ်စေရေးအတွက် စဉ်းစားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် လုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းရှင်များ၏ ထွက်ကုန်များကို ပြည်ပဈေးကွက်ရရှိရေး ကူညီပံ့ပိုးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ရည်မှန်းထားသည့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးပေးသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားကို မြှင့်တင်ရန်အတွက် MSME လုပ်ငန်းများကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံအတွက် ထုတ်ကုန်များစွာ ထုတ်လုပ်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် လက်ရှိအချိန်ထိ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်လုပ်မှုပိုင်း၊ ဈေးကွက်မြှင့်တင်ရေးပိုင်း၊ သတင်းဖြန့်ဝေမှုအပိုင်းနှင့် ကုန်သွယ်ငွေလွှဲသည့်နေရာများတွင် ကျွမ်းကျင်စွာ သုံးစွဲရန် ခက်ခဲနေဆဲပင်ဖြစ်သောကြောင့် ထိထိရောက်ရောက်နှင့် လွယ်လွယ်ကူကူအသုံးပြုနိုင်အောင် နည်းလမ်းရှာဖွေဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့် အမှာစာများကို အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာ အချက်အလက်များနှင့် ချေးငွေဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို MSME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ရန်၊ ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး သွင်းကုန်အစားထိုးထုတ်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဦးစားပေးထုတ်လုပ်ရမည့် ထုတ်ကုန်များ ခွဲဝေသတ်မှတ်ပေးရန်၊ ကုန်ထုတ်လုပ်မှုသမဝါယမအသင်းများ တည်ထောင်ပြီး သမဝါယမစနစ်နှင့် ကုန်စည်ဒိုင်များ ချိတ်ဆက်ဆောင်ရွက်ရန်၊ MSME ထုတ်ကုန်အမှတ်တံဆိပ်များတွင် ဖော်ပြထားသည့် အချက်အလက်များကို စနစ်တကျရရှိစေရေး တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ ဒေသအသီးသီးရှိ ကုန်စည်သတင်းအချက်အလက်များနှင့် ပြည်ပပို့ကုန်သတင်းအချက်အလက်များအား MSME လုပ်ငန်းရှင်များသိရှိစေရန် နိုင်ငံပိုင်မီဒီယာများတွင် ထည့်သွင်းဖော်ပြကြေညာပေးရန်၊ MSME ဆိုင်ရာသတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်မည့် Information Mechanism တစ်ခုတည်ထောင်နိုင်ရေး ဆောင်ရွက်ရန်နှင့် ၂၀၁၈ ခုနှစ် အာဆီယံ SME မူဝါဒဆိုင်ရာ အညွှန်းကိန်း အစီရင်ခံစာပါ အချက်အလက်များအား ဆွေးနွေးတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်သည့် ဦးလှမိုး၊ ဦးအောင်နိုင်ဦးနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီအမှာစာများကို ဖတ်ကြားရှင်းလင်းအတည်ပြုချက်ရယူနိုင်ရေး တင်ပြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် သေချာသော ဒေသထွက်ကုန်ကြမ်းများကို အခြေခံပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရမည်၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော One Region One Product ဒေသတစ်ခု ထွက်ကုန်တစ်မျိုး ထုတ်လုပ်နိုင်အောင်လည်း ဆောင်ရွက်သွားမည်**

❖ **ယင်းကို သက်ဆိုင်ရာအေဂျင်စီအလိုက် အဓိကထုတ်ကုန်သတ်မှတ်ပြီး ပြည်တွင်းထုတ်ကုန်အပြင် ပြည်ပတင်ပို့နိုင်သည်အထိ ရည်ရွယ်ဆောင်ရွက်သွားရမည်**

# အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဇွန် ၈

အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍ(The Role of Governors in India’s Federalism) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင်များ၊ အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာအရာထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သည့် NCA–S EAO (၇)ဖွဲ့(ALP ၊ DKBA ၊ KNU/KNLA–PC ၊ LDU ၊ NMSP ၊ PNLO ၊ RCSS)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ကိုယ်စား KNU/KNLA–PC ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံမှ ပညာရှင် Professor Sudarshan Ramaswamy က အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍကို ဦးဆောင်ဆွေးနွေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက အိန္ဒိယနိုင်ငံ၏အတွေ့အကြုံများ၊ Governor များ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ နိုင်ငံတကာအတွေ့အကြုံများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခြင်းနှင့် အပြန်အလှန် အမြင်ချင်းဖလှယ်မှုများ ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနား ကျင်းပ



ရန်ကုန် ဇွန် ၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအကအဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV တို့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သံအမတ်ကြီးတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသတ်ပုံနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၈

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းသားကျောင်းသူလေးများက “ဒို့ချစ်တဲ့ သိပ္ပံ” သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး အထက်တန်းကျောင်းများသည် အားကစားသာမက ပညာရေးကိုပါ ထူးချွန်အောင် သင်ကြားပေးရသည့်အတွက် ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသဘောသဘာဝကို နားလည်ပြီး ကျောင်းသား ကျောင်းသူများ၏ ပညာရေးတိုးတက်ရန်အတွက် ဝါသနာ၊ စေတနာ၊ အနစ်နာ အရင်းခံ၍ ဆရာ့ဝတ်နှင့် အညီ ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းအကျိုးတော်ဆောင် ရန်ပုံငွေသို့ ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဥပဒေချုပ် ဦးငွေအောင်က လက်ခံရယူသည်။

ယနေ့အခမ်းအနားတွင် အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ် ၄၀၇ သိန်းကို ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးငွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းသား ကျောင်းသူလေးများက Myanmar Fitness Dance၊ ကရာတေးဒို၊ မြန်မာ့သိုင်း၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ကျွမ်းဘားအားကစားနည်းများဖြင့် သရုပ်ပြဖျော်ဖြေကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်ခင်လေးမွန်တို့က သရုပ်ပြဖျော်ဖြေကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားကစားနည်းအလိုက် ခင်းကျင်းပြသထားသည့် အားကစားပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်

**စစ်တွေ ဇွန် ၈**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများက တစ်ဦးချင်း မိတ်ဆက်ပြီး ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပိုက်ကျော်ခြင်းပြိုင်ပွဲ(Double Team)တွင် ငွေတံဆိပ်ဆုရရှိခဲ့သော ဦးအောင်မျိုးဆွေနှင့် ဦးအောင်မျိုးနိုင်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မနော်ထက်ထက်ဝေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က 70 Kg ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သော မဖြိုးဆွေဇင်ကျော်ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက 52 Kg ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သော မခင်ခင်စုကိုလည်းကောင်း ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်သည်။

ယင်းနောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများနှင့် နည်းပြများက မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် မုန်တိုင်းဒဏ်သင့် မြို့နယ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်အရာရှိကြီးများပါဝင်သော ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မုန်တိုင်းဒဏ်ကြောင့် မြို့နယ်အလိုက် ပျက်စီးဆုံးရှုံးမှုနှင့် ခန့်မှန်းတန်ဖိုး တွက်ချက်မှု စာရင်းဇယားများကို အတည်ပြုနိုင်ရန် ယခုအစည်းအဝေးတွင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား နိုင်ငံတော်မှ ရေကြောင်း၊ လေကြောင်းတို့ဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး အချိန်နှင့်တစ်ပြေးညီ မြို့နယ်အလိုက် ဖြန့်ခွဲပေးလျက်ရှိကြောင်း၊ ပြည်သူလူထုလက်ဝယ်အရောက် ဖြန့်ဖြူးရာတွင် ထိရောက်သည့် ဖြန့်ဖြူးမှုဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် အမှန်တကယ်လိုအပ်သူများထံ အပြည့်အဝ ရောက်ရှိစေရေးအတွက် အုပ်စုများ ခွဲခြားသတ်မှတ်၍ ထိရောက်စွာထောက်ပံ့ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်ရှိအချိန်အထိ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘူးသီးတောင်၊ ကျောက်ဖြူ၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ သံတွဲ၊ ပေါက်တော၊ မာန်အောင်၊ ရမ်းဗြဲ၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မြေပုံ၊ မောင်တောနှင့် စစ်တွေ မြို့နယ်များ၌ အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြသည့် တပ်မတော်အရာရှိကြီးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ ကော်မတီအလိုက် တာဝန်ရှိသူများက လိုအပ်သည်များကို ပြန်လည်ရှင်းလင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ခွဲဝေပေးအပ်ထားသည့် သဘာဝဘေးရန်ပုံငွေများကို အကျိုးရှိစွာသုံးစွဲရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထိခိုက်ပျက်စီးမှုစာရင်းကို သီးခြားပြုစုပေးပို့ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား လူထုလက်ဝယ်အရောက် ဖြန့်ဝေမှုမှတ်တမ်းများ ပြုစုထားရှိရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး တင်ပြချက်များနှင့် လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

မိုခါမုန်တိုင်းအလွန် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအား လက်ရှိဆေးရုံများအပြင် အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့များစေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၆ ရက်မှ ဇွန် ၈ ရက်အထိ ပြည်သူ့ဆေးရုံကြီးများ၌ ပြင်ပလူနာ ၁၃၈၈၁ ဦး၊ အတွင်းလူနာ ၂၆၈၅၀ နှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် ပြသသည့်လူနာ ၆၈၇၅၀ တို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့များအနေဖြင့် ရေသန့်ဆေးခတ်ခြင်း ၄၅၇၂ ကြိမ်နှင့် ကျန်းမာရေးပညာပေးခြင်း ၇၉၉၆ ကြိမ်တို့ကို ဆောင်ရွက်ပေးခဲ့သည်။ အထူးကုဆေးအဖွဲ့များအနေဖြင့် ကွင်းဆင်းကုသပေးခဲ့သည့် လူနာဦးရေမှာ ရသေ့တောင်မြို့နယ်၌ ၃၁၈ ဦး၊ စစ်တွေမြို့နယ်၌ ၇၄၆ ဦး၊ မင်းပြားမြို့နယ်၌ ၁၁၅၀၊ ကျောက်တော်မြို့နယ်၌ ၉၆၁ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်၌ ၂၇၅ ဦး၊ ပေါက်တောမြို့နယ်၌ ၇၂၇ ဦး၊ မာန်အောင်မြို့နယ်၌ ၈၄၈ ဦး၊ ဘူးသီးတောင်မြို့နယ်၌ ၁၉၀ နှင့် မောင်တောမြို့နယ်၌ ၅၃၃ ဦး စုစုပေါင်း ၅၇၄၈ ဦးဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မုန်တိုင်းနောက်ဆက်တွဲ ဝမ်းပျက်ဝမ်းလျှောရောဂါ အပါအဝင် ကူးစက်ရောဂါများ ဖြစ်ပွားမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိပြီး ကြိုတင်ကာကွယ်ရေးအတွက် သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ရေသန့်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ဖြစ်ပွားလာပါကလည်း အချိန်မီထိရောက်စွာ ကုသမှုပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်ခြင်းအခမ်းအနားကျင်းပစဉ်။



အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။



စစ်တွေဆေးရုံတွင် ရန်ကုန်အထူးအဖွဲ့က မျက်စိဝေဒနာရှင် တစ်ဦးအား ဆေးကုသပေးနေစဉ်။



ပေါက်တော အထူးကုအဖွဲ့က ဒေသခံပြည်သူတစ်ဦးအား ခွဲစိတ်ကုသပေးနေစဉ်။



အထူးကုအဖွဲ့က ပေါက်တောဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၃) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai က အထိမ်းအမှတ်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။

ယနေ့အခမ်းအနားတွင်သဘောတူညီချက်လေးခုကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား တရုတ်နိုင်ငံက အကူအညီပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအတွက် လွှဲပြောင်းလက်ခံလွှာများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့က လက်မှတ်ရေးထိုးကြသည်။

အဆိုပါ သဘောတူညီချက်အရ တရုတ်နိုင်ငံက မြန်မာနိုင်ငံသားများအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉ သန်းတန်ဖိုးရှိ ကာကွယ်ဆေး သုံးသန်းနှင့်ဆေးထိုးအပ်များ ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

အစိုးရနည်းပညာကောလိပ် (မန္တလေး) အတွက် အွန်လိုင်းဝန်ဆောင်မှုနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့သည့် စီမံကိန်းဆိုင်ရာ သဘောတူညီချက်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့က လဲလှယ်ခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးသည့်အခမ်းအနား အထိမ်းအမှတ်မိန့်ခွန်းပြောကြားစဉ်။

အဆိုပါစီမံကိန်းသည် တရုတ်နိုင်ငံသုံးငွေကြေး ယွမ် ၇၁၇၂၀၀ တန်ဖိုးရှိသည့် စီမံကိန်းဖြစ်သည်။

အောင်ဆန်း အားကစားကွင်း ပြန်လည် တည်ဆောက်ရေးအတွက် ဆန်းစစ်လေ့လာမှုပြုလုပ်မည့် စီမံကိန်းဆိုင်ရာ သဘောတူညီချက်ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့က လဲလှယ်ကြသည်။

**ထောက်ပံ့ပေးအပ်မည်**

အဆိုပါ သဘောတူညီချက်အရ တရုတ်နိုင်ငံက မြန်မာနိုင်ငံအား တရုတ်နိုင်ငံသုံးငွေကြေး ယွမ် ၂၀၀၀၀၀၀ ကို စီမံကိန်းအတွက် ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့က လက်မှတ်ရေးထိုးကြသည်။

အဆိုပါ သဘောတူညီချက်အရ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သုတေသန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အရည်အသွေးမြှင့်တင်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးနယ်ပယ်များ၌ ဝန်ကြီးဌာန ခုနစ်ခုက အကောင်အထည်ဖော် ဆောင်ရွက်မည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း စုစုပေါင်း ၁၄ ခုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းကို မြန်မာနိုင်ငံထံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

၂၀၁၇ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ မြန်မာနိုင်ငံအနေဖြင့် လက်ခံရရှိခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း အရေအတွက်မှာ ၁၀၆ ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံက ထောက်ပံ့ပေးအပ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄ သန်းခန့် တန်ဖိုးရှိ အကူအညီများ လက်ခံရရှိခဲ့ပြီးဖြစ်သည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်ကြီးများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့ သဘောတူညီချက်ကို လဲလှယ်ကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့ သဘောတူညီချက်ကို လဲလှယ်ကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့ သဘောတူညီချက်ကို လဲလှယ်ကြစဉ်။



ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့ သဘောတူညီချက်ကို လဲလှယ်ကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ်မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ ဇွန် ၈ ရက်တွင် ကျရောက်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်သည့် (၇၃)နှစ်မြောက် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူညီချက်နှင့် စာလွှာများအောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည့် ကိစ္စ၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး လျင်မြန်ချောမွေ့စေရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်များအောက်မှ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်တို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**



# တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၇၃)နှစ်ပြည့်အထိမ်းအမှတ် တရုတ်အသွင်ခေတ်မီတိုးတက်မှုနှင့် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းသစ်ဖိုရမ် ကျင်းပ

**မန္တလေး ဇွန် ၈**

တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၇၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တရုတ်အသွင်ခေတ်မီတိုးတက်မှုနှင့် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းသစ်ဖိုရမ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ယာယီကောင်စစ်ဝန်ချုပ် Mr.Zhang Wei က တရုတ်-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် (၇၃)နှစ်တာကာလအတွင်း စီးပွားရေး၊ ကုန်သွယ်ရေးနှင့် လူမှုဆိုင်ရာနယ်ပယ်အသီးသီးတို့တွင် တိုးတက်ပြောင်းလဲလာမှုများ၊ တရုတ်နိုင်ငံဗဟိုအသံလွှင့်ဌာန အာရှအာဖရိကစင်တာမှ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးဖြင့် ပူးပေါင်း၍ ဖိုရမ်ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းမှုများနှင့်စပ်လျဉ်း၍ ပြောကြားသည်။ ထို့နောက် ယူနန်ပြည်နယ်ရှိ ပေါင်ဆန်းမြို့ မြို့တော်ဝန်၊ လင်ချန်းမြို့ မြို့တော်ဝန်နှင့် တယ်ဟုန်ပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူးတို့က တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၇၃)နှစ်ပြည့်အထိမ်းအမှတ်နှင့်ပတ်သက်၍ ပြောကြားသည့် Video Clip များ ပြသသည်။

၎င်းနောက် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ယူနန်ပြည်နယ်ပေါင်ဆန်းမြို့မှ ယွမ်တစ်သိန်း၊ လင်ချန်းမြို့မှ ယွမ်တစ်သိန်းနှင့် တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရမှ ယွမ် တစ်သိန်း စုစုပေါင်းလှူဒါန်းငွေယွမ် သုံးသိန်းကို မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ယာယီကောင်စစ်ဝန်ချုပ် Mr.Zhang Wei က တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ရာ ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဖိုရမ်တွင်ဆွေးနွေးမည့် ပညာရှင်များအား မိတ်ဆက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယကောင်စစ်ဝန်ချုပ်တို့က ကျေးဇူးတင်လွှာ ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသည်။

ယခုဖိုရမ်တွင် တရုတ်နိုင်ငံ၏ ခေတ်မီတိုးတက်မှုအားသာချက်များကိုအမှီပြုပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်မှု၊ တရုတ်-မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန်၊ မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံဘာသာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာများအပေါ် ဆွေးနွေးသုံးသပ်ချက်များကို ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**



# စီးပွားဖြစ်အုန်းပင် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ကွင်းဆင်းသရုပ်ပြလေ့ကျင့်ခြင်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇွန် ၈**

ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(ACMECS) အစီအစဉ်အရ ၂၀၂၃ ခုနှစ် မေမှ ၂၀၂၄ ခုနှစ် ဧပြီအထိ “ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန်(အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း”ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းအစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အုန်းစိုက်ပျိုးထုတ်လုပ်သူများအတွက် “စီးပွားဖြစ် အုန်းပင်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ကွင်းဆင်းသရုပ်ပြလေ့ကျင့်ခြင်းသင်တန်း” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကားပြောကြားပြီး စီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက သင်တန်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြနှင့် သင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်ပြီး သင်တန်းပို့ချခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သည်။

အဆိုပါသင်တန်းကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်ကြကြောင်းနှင့် လက်တွေ့ကွင်းဆင်းသရုပ်ပြလေ့ကျင့်ခြင်းများလည်း ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့နယ်၌ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများရေးဆွဲခြင်း စတင်ဆောင်ရွက်

**တောင်ငူ ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် သန်းခေါင်စာရင်းယူနစ်များ ရေးဆွဲခြင်းလုပ်ငန်းကို ဇွန် ၇ ရက် နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ စတင်ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူမြို့နယ် (ကေတုမတီမြို့သစ်)၊ တပင်ရွှေထီးရပ်ကွက်၊ မင်းကြီးဆွေရပ်ကွက်၊ နတ်သျှင်နောင်ရပ်ကွက်နှင့် သဝန်ငယ်ရပ်ကွက်တို့တွင် Ait GIS နည်းပညာအသုံးပြု၍ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများ ရေးဆွဲခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဝင်းသန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ ပူးပေါင်း၍ Computer၊ Laptop၊ Mobile Tablet များဖြင့် သန်းခေါင်စာရင်းယူနစ်များရေးဆွဲခြင်း၊ စစ်ဆေးအတည်ပြုခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းယူနစ်များနှင့် မြေပုံများရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ တောင်ငူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ ဖုံး၊ သွန်၊ လဲ၊ စစ် အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောင်းကုန်း ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ အခြေခံပညာ ကျောင်းများ၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် အဘိတ်ဆေးခတ်ခြင်းနှင့်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၈ နာရီခွဲခန့်က ပြုလုပ်သည်။

အဆိုပါ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များက အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းနှင့် အသိပညာပေးဟောပြောပွဲတို့ ပြုလုပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၈**

ရခိုင်ပြည်နယ် အတွင်းရှိ မိုခါမုန်တိုင်း တိုက်ခတ်သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/စစ်သမီးများက အဆို/အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ မျက်လှည့်ပြကွက်များ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေး အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြ ဖျော်ဖြေကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်နယ်ရှိအရာရှိ/စစ်သည်/ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် သာသနာ့အလင်းရောင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အားဖူးမြော်ကြည်ညိုပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်းအတွက် ပြန်လည်ပြုပြင်ရန်လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မုန်တိုင်းဒဏ်သင့်ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းသော နဝကမ္မအလှူတော်ငွေများအား ကျောင်းထိုင်ဆရာတော်များထံ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များ ထောက်ပံ့သည့် ကုလားတန်(၅)သင်္ဘောဖြင့် ထပ်မံရောက်ရှိလာသည့် ထောက်ပံ့ပစ္စည်းများ ခြောက်မျိုးအား ယနေ့နံနက်ပိုင်းတွင် ငပင်လယ်ဆိပ်ကမ်း ဆိပ်ခံတံတားပေါ်သို့ တင်ယူပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမသို့ ပြောင်းရွှေ့ပေးကာ ထောက်ပံ့ရေးပစ္စည်းများ လေဘေးသင့်ပြည်သူများထံသို့ မြန်မြန်ဆန်ဆန် ဖြန့်ဝေပေးနိုင်ရေး အစည်းအဝေးပြုလုပ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးသွားသော ဓာတ်အားလိုင်းများအား အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိ၊ လမ်းမီးများ ထွန်းညှိဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၈**

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့ အပါအဝင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ စစ်တွေခရိုင်၊ မောင်တောခရိုင်၊ မြောက်ဦးခရိုင်တို့တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းအပါအဝင် ၆၆ ကေဗွီဓာတ်အားလိုင်းများ၊ ၃၃ ကေဗွီဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့၍ စစ်တွေ၊ ကျောက်တော်၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ မြေပုံနှင့် ပေါက်တောမြို့များတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သည်။

လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မြောက်ပိုင်းဒေသရှိ မြို့နယ်များ လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေး ဓာတ်အားလိုင်း ပြန်လည်ပြင်ဆင်ရေးအဖွဲ့များ စေလွှတ်၍ သက်ဆိုင်ရာ မြို့နယ်ရုံးနှင့် ဓာတ်အားခွဲရုံအဖွဲ့တို့ဖြင့် ပူးပေါင်းပြီး အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း ပြင်ဆင်ခြင်းလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သဖြင့် ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံမှ ပင်မထရန်စဖော်မာသို့ ဓာတ်အား ဆက်လက်ပို့လွှတ်ခဲ့ကာ ၎င်းထရန်စဖော်မာမှ ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁) ဓာတ်အားလိုင်းဖြင့် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့ပေါ်တို့သို့ ဓာတ်အားစတင် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။



ထို့ပြင် စစ်တွေမြို့ မြို့ပေါ်မိန်းလမ်းမကြီးတစ်လျှောက် မေ ၂၅ ရက်မှစတင်၍ ကားကြီးဝင်း-မီးစက်ကြီးဝိုင်း၊ မီးစက်ကြီးဝိုင်း-နာရီစင်၊ နာရီစင်-ဘီလူးမတံတား၊ ဘီလူးမတံတား-ဆတ်ရိုးကျတံတား လမ်းတစ်လျှောက်တွင် ည ၇ နာရီမှ ၁၀ နာရီထိ လမ်းမီးများကို ၅၀၀ ကေဗွီအေ မီးစက်အသုံးပြု၍ ထွန်းညှိပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် ဖုန်းများ၊ လျှပ်စစ်မီးလုံးများနှင့် အခြားဘက်ထရီအားသွင်းလျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရန်အတွက် ကားကြီးဝင်း၊ မီးစက်ကြီးဝိုင်း၊ လောကာနန္ဒာဘုရားရှေ့၊ မြို့နယ်အခွန်ရုံးရှေ့၊ အစိုးရအဖွဲ့ရုံးရှေ့၊ ယဉ်ကျေးမှုပြတိုက်၊ လေယာဉ်ကွင်း လမ်းဆုံနှင့် ဘီးလူးမတံတားထိပ် စသည့်နေရာများတွင် Charging Point နေရာများ ထပ်တိုးစီစဉ်ဆောင်ရွက်ပေးထားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲ ကျင်းပ

**တိုက်ကြီး ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သက်သာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက အခြေခံစက်ချုပ်သင်တန်းတက်ရောက်နေသည့် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးကို သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြဆရာမအား နည်းပညာထောက်ပံ့ကြေးများ ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ်တည်ဆောက်ရေးစီမံကိန်း၌ ရင်းနှီးမြှုပ်နှံကြရန် သမ္မတ ဂျိုကိုဝီတိုက်တွန်း

ဂျကာတာ ဇွန် ၈

အင်ဒိုနီးရှားနိုင်ငံ၏ အစိမ်းရောင်မြို့တော်သစ် တည်ဆောက်ရေး စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံကြရန်



စီးပွားရေး လုပ်ငန်းရှင်များအား သမ္မတဂျိုကိုဝီဒိုဒိုက ယမန်နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။

နျူစန်တာရာဟု အမည်ပေးထားသည့်နိုင်ငံ၏ မြို့တော်သစ်အား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိအချိန်၌ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

မြို့တော်သစ် ပြောင်းရွှေ့တည်ဆောက်မည့် စီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

တည်ဆောက်ရေး စီမံကိန်း၏ ပထမအဆင့်ဖြစ်သည့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍများ၌ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

နျူစန်တာရာ မြို့တော်သစ် တည်ဆောက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ရှိသည့်မြို့တော်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု သိရသည်။ မြို့တော်သစ် တည်ဆောက်ရေးစီမံကိန်း တစ်ခုလုံး၏ ကုန်ကျစရိတ်မှာအမေရိကန်ဒေါ်လာ ၃၁ ဘီလီယံရှိကာ အစိုးရက ကုန်ကျစရိတ်၏ ၂၀ ရာခိုင်နှုန်းကို တာဝန်ယူမည်ဖြစ်၍ ကျန်ရှိသည့်အပိုင်းကို ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်သွားမည် ဖြစ်သည်။

ယင်းမြို့တော်သစ် တည်ဆောက်ရေး စီမံကိန်းတွင် လုပ်ငန်း ဆောင်ရွက်ရေးအတွက် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဂျာမနီ နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့က ညှိနှိုင်းကမ်းလှမ်းနေသည်။ မြို့တော်သစ် ရွှေ့ပြောင်းခြင်းလုပ်ငန်းကို လာမည့်နှစ်တွင် စတင်ဆောင်ရွက်မည် ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

# ဆော်ဒီအာရေဗျနိုင်ငံ မြို့တော် ရီယာ့ဒ်ရှိ အီရန်သံရုံး ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်

တီဟီရန် ဇွန် ၈

အီရန်အစိုးရသည် ဆော်ဒီအာရေဗျနိုင်ငံ မြို့တော် ရီယာ့ဒ်ရှိ ၎င်း၏သံရုံးကို ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်ကြောင်း သိရသည်။

**၂၀၁၆ ခုနှစ်မှစပြီး သံတမန်ဆက်ဆံရေး ပြတ်တောက်**

ထင်ရှား ကျော်ကြားသော ရှီယိုက်မွတ်ဆလင် ဘာသာရေးခေါင်းဆောင်တစ်ဦးအား လုပ်ကြံသတ်ဖြတ်မှုအပေါ် ကျေနပ်မှုမရှိသူများက တီဟီရန်မြို့တော်ရှိ ဆော်ဒီသံရုံးကို ဝင်ရောက်စီးနင်းခဲ့သည့် ၂၀၁၆ ခုနှစ်မှစပြီး အီရန်နှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးပြတ်တောက်ခဲ့ရသည်။

အီရန်နိုင်ငံသည် ရှီယိုက်မွတ်ဆလင်အများစုနေထိုင်သည့် နိုင်ငံဖြစ်သည်။

တီဟီရန်နှင့် ရီယာ့ဒ်တို့သည် တရုတ်နိုင်ငံ၏ စေ့စပ်ညှိနှိုင်းပေးမှုကြောင့် သံတမန်ဆက်ဆံရေး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိ လာပြီဖြစ်၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး



ပြန်လည်ထူထောင်ရန် မတ်လက သဘောတူညီခဲ့ကြသည်။

အီရန်နှင့် ဆော်ဒီအာရေဗျတို့မှ တာဝန်ရှိသူများသည် ဇွန် ၇ ရက်တွင် သံရုံးပြန်လည်ဖွင့်လှစ်ခြင်း အခမ်းအနားကို တက်ရောက်ခဲ့သည်။

အီရန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အလီရီဇာဘီဒီလီက နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုသည် သမိုင်းစာမျက်နှာသစ် ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီဟု ပြောကြားသည်။

**လေ့လာသူများက သုံးသပ်**

အီရန်၏ သံရုံးပြန်ဖွင့်ရန် ဆုံးဖြတ်ချက်သည် အစ္စရေးနိုင်ငံ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ရန် တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟုလည်း လေ့လာသူများက သုံးသပ်ကြသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန်-အောင်ကျော်ကျော်

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




























အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# "မိုခါ" မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၃)(ပညာရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

**(ဇွန်လ ၆ ရက်နေ့မှအဆက်)**

**မင်္ဂလာရှိသောနေ့**

၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့။

ကျောင်းများဖွင့်ပြီ။

စစ်တွေမြို့၏ နံနက်ခင်းရာသီဥတုကလည်း သာသာယာယာလေးဖြစ်၍နေသည်။ ထိုမြင်ကွင်းအလှကို အားဖြည့်ပေးလိုက်သည်က ကျောင်းဝတ်စုံအဖြူအစိမ်းလေးများနှင့် သားငယ် သမီးငယ်လေးများ၏ သန့်စင်သောအပြုံး၊ သွက်လက်သော ခြေလှမ်း၊ ဟန်ဆောင်မှုကင်းသည့် အမူအရာလေးများပင်ဖြစ်၏။ သူတို့၏ခြေလှမ်းတိုင်းတွင် ယုံကြည်ချက်ရှိသည်၊ အနာဂတ်ရှိသည်။ ထိုခြေလှမ်းလေးများအားလုံးသည် စာသင်ကျောင်းများဆီသို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်ရှိလာကြသည်။ ကြည်နူးချမ်းမြေ့ဖွယ်ရာမြင်ကွင်းများပါပေ။

စစ်တွေမြို့တွင် ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများလိုက်ပါလျက် ယနေ့ဖွင့်လှစ်နေပြီဖြစ်သော အခြေခံပညာကျောင်းများသို့ သွားရောက်ကာ အားပေးကြည့်ရှုခဲ့ကြသည်။ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူလေးများအား ကျောင်းလွယ်အိတ်နှင့် ဗလာစာအုပ်များပေးအပ်ခဲ့သည်။ ကျောင်းဝင်းအတွင်း ထပ်မံပြုပြင်တည်ဆောက်ပေးရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများကို မှာကြားသည်။

ယနေ့သွားရောက်ကြည့်ရှုခဲ့သော အခြေခံပညာကျောင်းများမှာ အထက(၁)၊ အထက(၄)၊ အမှတ်(၁၅)မူလွန်၊ ကျောင်းတက်လမ်းရပ်ကွက်မူလွန်၊ အထက(၂)၊ အထက(၆)ကျောင်းများဖြစ်သည်။ မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း၌ မြို့နယ် ၁၇ မြို့နယ်ရှိသည့်အနက် ၁၀ မြို့နယ်မှ စာသင်ကျောင်းများ ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ ယင်းသို့ ရှိပင်ရှိခဲ့သော်ငြားလည်း ကျောင်းဖွင့်ရာသီ၌ အခြားပြည်နယ်၊ တိုင်းဒေသကြီးများနည်းတူ ကျောင်းအားလုံးဖွင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားပြီးဖြစ်သည်။ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနသည် စစ်တွေနှင့် ပေါက်တောမြို့နယ်များရှိ အခြေခံပညာကျောင်းအားလုံး၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ မြေပုံ၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များရှိ အခြေခံပညာမူလတန်း၊ မူလွန်၊ အလကကျောင်းများကို တာဝန်ယူပြုပြင်တည်ဆောက်ပေးခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဖော်ပြပါ ရှစ်မြို့နယ်အတွင်းရှိ အထကကျောင်းများနှင့် အထက(ခွဲ)ကျောင်းများကို ကူညီပြင်ဆင်ပေးခဲ့သည်။ ထိုသို့ ပြင်ဆင်နေစဉ်ကာလတွင်လည်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကလည်း လိုအပ်သည့်လမ်းညွှန်မှု၊ ကူညီစောင့်ရှောက်မှုများပေးခဲ့သည်။ သည့်အတွက်လည်း ယနေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကျောင်းများအားလုံး အဆင်ပြေပြေ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံအတွက်၊ ပြည်နယ်အတွက်၊ မြို့ရွာဒေသများအတွက် မင်္ဂလာရှိသောနေ့ရက်တစ်ရက်ဖြစ်လာခဲ့ပေပြီ။

**စေတနာရှင် ဒေါက်တာကျော့သာစိန်**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကျွန်တော်တို့အဖွဲ့ စစ်တွေမြို့ အထက(၁)သို့ နံနက် ၉ နာရီခန့်မှာ ရောက်ရှိသွားချိန် ကျောင်းဝင်းထဲတွင် ရုပ်ရည်အားဖြင့် သန့်ပြန့်ချောမောသော အမျိုးသမီးကြီးတစ်ဦးကိုတွေ့ရသည်။ ဒုတိယဝန်ကြီးချုပ်အား အကြောင်းကိစ္စတချို့ ရှင်းပြနေသည်ကို ခပ်လှမ်းလှမ်းမှ မြင်နေရ၏။ အစမှာမူ မြို့မိမြို့ဖလား၊ ကျောင်းအုပ်ကြီးဟောင်းလားဟူ၍ တွေးမိသေး၏။ နားစွန်နားဖျားကြားနေရသည်က ပရဟိတပညာရေးလုပ်ငန်းများ အကြောင်းဆိုတော့ကာ ပရဟိတကျောင်းသားဖြစ်ခဲ့ဖူးသော ကျွန်တော်သည်လည်း အစ်မကြီးကို စိတ်ဝင်စားမိသည်၊ ထို့ကြောင့် ကျောင်းကပြန်အထွက်တွင် နှုတ်ဆက်စကားဆို၍ သူ၏ပရဟိတလုပ်ငန်းများအကြောင်းကို စေ့ငုလိုက်မိသည်။

"ကျွန်မက ဒေါက်တာကျော့သာစိန်၊ အသက် ၇၀ ရှိပြီ။ ငယ်ငယ်တုန်းက ၁၀ တန်း နှစ်ခါကျဖူးတယ်၊ ညကျောင်းတက်ပြီး ပြန်ကြိုးစားဖြေတော့ ဂုဏ်ထူးသုံးဘာသာနဲ့အောင်တယ်၊ ၁၀ တန်းကျတဲ့ကလေးတွေကို ကိုယ်ချင်းစာစိတ်နဲ့အောင်စေချင်တယ်၊ ဒါကြောင့် ၂၀၁၅ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ဒီအထက(၁)မှာ ညပိုင်းအချိန်ယူဖွင့်လှစ်ပြီး ကျွန်မတို့သင်ခဲ့တယ်။ ဒီလုပ်ငန်းအတွက် ကျွန်မ ကားတွေ၊ အိမ်တွေကိုတောင် ရောင်းခဲ့တာ၊ အခုကျွန်မတို့သင်ပေးတဲ့တပည့်တွေထဲမှာ ဆရာဝန် ၂၃ ယောက်ဖြစ်ခဲ့ပြီ၊ ၄၃ ယောက်က ဆေးတက္ကသိုလ်တက်နေဆဲ၊ တချို့က ကျွန်မတို့ရဲ့ပညာဒါနအတွက် အလှူငွေကျပ်သိန်း ၁၀၀၊ သိန်း ၂၀၀ လှူချင်ကြတယ်၊ ကျွန်မလက်မခံပါဘူး၊ လှူချင်ရင် လက်ရှိဆေးတက္ကသိုလ်တက်နေတဲ့ ကလေးတွေကိုလစဉ်ကျပ်တစ်သိန်း၊ ဒါမှမဟုတ် နှစ်သိန်းထောက်ပံ့တာမျိုးပဲ လုပ်စေခဲ့တယ်၊ ဒီလိုပညာဒါန ပရဟိတလုပ်ငန်းတွေလုပ်ခဲ့လို့ အမျိုးသမီးစွမ်းဆောင်ရှင်ဆုလည်းရခဲ့ပြီ၊ ရခိုင်ယဉ်ကျေးမှုအဖွဲ့ကချီးမြှင့်တဲ့ ရခိုင့်တံခွန် ဆုတံဆိပ်လည်း ရခဲ့ပြီ...။

စာမျက်နှာ ၁၅ သို့ ❖






**"ပညာရေးဝန်ကြီးဌာနသည် စစ်တွေနှင့် ပေါက်တောမြို့နယ်များရှိ အခြေခံပညာကျောင်းအားလုံး၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ မြေပုံ၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များရှိ အခြေခံပညာမူလတန်း၊ မူလွန်၊ အလကကျောင်းများကို တာဝန်ယူပြုပြင်တည်ဆောက်ပေးခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဖော်ပြပါရှစ်မြို့နယ်အတွင်းရှိ အထကကျောင်းများနှင့် အထက(ခွဲ)ကျောင်းများကို ကူညီပြင်ဆင်ပေးခဲ့သည်။ သည့်အတွက်လည်း ယနေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့်ကျောင်းများအားလုံး အဆင်ပြေပြေဖွင့်လှစ်နိုင်ခဲ့ပြီ"**

❖ စာမျက်နှာ ၁၄ မှ

အစ်မကြီးဒေါက်တာကျော့သာစိန် ပြောသွားသည့်အထဲတွင် ၂၀၂၁-၂၀၂၂ စာသင်နှစ်တုန်းက ၁၀ တန်းဝင်ဖြေသည့်အထဲတွင် ကိုးနှစ်၊ ၁၀နှစ် လောက်ကျခဲ့သူ နှစ်ဦးတောင် အောင်သွားသည့် အကြောင်းပါလာသဖြင့် ကချင်ပြည်နယ် ပူတာအို ခရိုင် ခေါင်လန်ဖူးမြို့နယ် အထကခေါင်လန်ဖူး ကျောင်းကို ပြေး၍မြင်ယောင်မိ၏။ အထက ခေါင်လန်ဖူး၊ အထကဇန်ယော့၊ အထကရှိန်းခေါင် ကျောင်းများတွင် ၁၀ တန်းမအောင်သည်မှာ ၁၀နှစ် ခန့်ရှိပြီဖြစ်၍ ဘဲဥကွဲအောင် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ဖူးသည်။ နှစ်ယောက်စအောင်သည်၊ ပြီးခဲ့သည့်နှစ်က ခြောက်ယောက်အောင်သည်။ ဒေါက်တာကျော့သာစိန်နှင့် စကားပြောရင်း စိတ်က ခေါင်လန်ဖူးအထိ ရောက်သွားရသော စစ်တွေ အထက(၂)မှ အတွေးစများ။

**အထက(၄)သို့ရောက်ခဲ့သည်**

အထက(၁)မှ အထက(၄)သို့ သွားရောက်ခဲ့ကြသည်။ အထက(၄) သုံးထပ်စာသင်ဆောင်ကြီးတွင် Grade – 12 STEAMS–2 မှာ အတန်းဝင်နေသည့် ဒေါက်တာခိုင်မျိုးသူ၏ သင်ကြားမှုကို လေ့လာကြည့်ရှုဖြစ်ခဲ့သည်။ အထက(၄)ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုရင်း သတိထားမိသည်ကတော့ ၁၈၉၀ ပြည့်နှစ်က ဆောက်လုပ်ခဲ့သော နှစ်ထပ်စာသင်ဆောင်တစ်ဆောင်ကို တွေ့ခဲ့ခြင်းပင်။ အင်္ဂလိပ်ခေတ်ကကျောင်းဖြစ်ပြီး ကျောင်းတိုင်ကြီးများမှာ ကြီးမားထည်ဝါသည်။ နှစ်ပေါင်း ၁၃၃ နှစ်ရှိကျောင်းဆောင်တစ်ဆောင်ဖြစ်၍ ငေးမောကြည့်ရှုဖြစ်ခဲ့သည်။

**ထူးထူးခြားခြားတွေ့ခဲ့ရသည်များ**

အထက(၄)မှ အမှတ်(၁၅) မူလွန်ကျောင်း၊ ၄င်းနောက် ကျောင်းတက်လမ်းရပ်ကွက်ရှိ မူလွန်ကျောင်းများသို့လည်း ဝင်ရောက်အားပေးကြည့်ရှုခဲ့ကြသည်။ ထိုမှ အထက(၂)စစ်တွေကျောင်းသို့ ရောက်ခဲ့ကြ၏။ အထက(၂)အဝင်ဆိုင်းဘုတ်ကို မြင်လိုက်ကတည်းက စိတ်ဝင်စားစရာ စ၍တွေ့ရသည်။ ကျောင်းဆိုင်းဘုတ်အလှူရှင်သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ ခြောက်ဘာသာဂုဏ်ထူးရှင် မစောယုနွယ်နီဟု ရေးထိုးထားခြင်းဖြစ်သည်။ ကျွန်တော်တို့ငယ်ငယ်ကလည်း စာတော်သော အစ်ကိုများ၊ အစ်မများကို အားကျဖူး၏။ လူရည်ချွန်ဖြစ်ခဲ့သူများကို အားကျခဲ့ဖူး၏။ မောင်ငယ်၊ ညီမငယ်များအတွက် စောယုနွယ်နီသည် စံပြဖြစ်နေပါလိမ့်မည်။ ကျောင်းအဝင်ဝတွင်လည်း မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တောဟု ရေးသားထားသေးသည်။ မိဘဆရာသမားများ၏ ဂုဏ်ကျေးဇူးကြီးမားပုံကို အမြဲအောက်မေ့သတိရစေရန် ဖြစ်ပေလိမ့်မည်။ အထက(၂)ကျောင်းဝင်းထဲမှာပင်



နောက်ထပ်ထူးထူးခြားခြားတစ်ခုကို တွေ့မြင်ခဲ့ရသေး၏။ အခြားမဟုတ်ပါ။ နှစ်ပေါင်းများစွာ အိုမင်းနေပြီဖြစ်သော ကျောင်းဆောင်ဟောင်းတစ်ဆောင်တွင် ဆေးလည်းမသုတ်၊ ပြင်ဆင်ခြင်းလည်းပြုမထားသည့် အခန်းငယ်တစ်ခုရှိနေခြင်းပင်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက အင်္ဂလိပ်လူမျိုး ကျောင်းအုပ်ကြီးတစ်ဦး နေထိုင်ကွယ်လွန်ခဲ့သော ရုံးခန်းဖြစ်သည်ဆို၏။ အထက(၂)ကျောင်းရှေ့ တန်းစီကွင်းနေရာသည် ညီညာပြန့်ပြူးမှုမရှိ၍မြေထိုး မြေညှိပြုလုပ်ပြီး ကွန်ကရစ်ခင်း တန်းစီကွင်းဖြစ်လာစေရန် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**ကျောင်းများ ဆက်လက်ပြင်ဆင်တည်ဆောက်ပေးမည်**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဇွန်လ ၁ ရက်နေ့ ကျောင်းများဖွင့်လှစ်ချိန်တွင် အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် ပျက်စီးသွားသော အမိုးအကာများအား ပြန်လည်ပြုပြင်ကြသည်။ ကျောင်းဆိုင်းဘုတ်၊ အလံတိုင်များမှအစ ကျောင်းခြံစည်းရိုးပြိုကျမှုများ အပါအဝင် ရက်ပိုင်းအတွင်း ပြုပြင်နိုင်သမျှကို အချိန်လု၍ ပြင်ဆင်ခဲ့ကြသည်။ အဆောင်လိုက် ပြိုကျပျက်စီးမှုများကိုမူ ရန်ပုံငွေ လျာထားဆောင်ရွက်ရမည်။ သည့်အတွက် ကျောင်းဆောင်အခက်အခဲရှိလျှင် အချိန်ခွဲ၍ သင်ကြားပေးခြင်း၊ ယာယီဖွင့်လှစ်သင်ကြားနိုင်မည့်နေရာများဖြစ်သည့် ကျေးရွာစာကြည့်တိုက်၊ စုဝေးခန်းမ စသည်တို့၌ သင်ကြားပေးခြင်းတို့ကို ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်သည်။ ယာယီစာသင်ဆောင်အတွက် မြောက်ဦးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

> ❝၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဇွန်လ ၁ ရက်နေ့ ကျောင်းများဖွင့်လှစ်ချိန်တွင် အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် ပျက်စီးသွားသော အမိုးအကာများအား ပြန်လည်ပြုပြင်ကြသည်။ ကျောင်းဆိုင်းဘုတ်၊ အလံတိုင်များမှအစ ကျောင်းခြံစည်းရိုးပြိုကျမှုများအပါအဝင် ရက်ပိုင်းအတွင်း ပြုပြင်နိုင်သမျှကို အချိန်လု၍ ပြင်ဆင်ခဲ့ကြသည်။ အဆောင်လိုက် ပြိုကျပျက်စီးမှုများကိုမူ ရန်ပုံငွေလျာထားဆောင်ရွက်ရမည်။ သည့်အတွက် ကျောင်းဆောင်အခက်အခဲရှိလျှင် အချိန်ခွဲ၍ သင်ကြားပေးခြင်း၊ ယာယီဖွင့်လှစ်သင်ကြားနိုင်မည့်နေရာများဖြစ်သည့် ကျေးရွာစာကြည့်တိုက်၊ စုဝေးခန်းမ စသည်တို့၌ သင်ကြားပေးခြင်းတို့ကို ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်❞

ဦးစီးဌာနက တည်ဆောက်ပေးထားသော မြစိမ်းရောင်စီမံကိန်းစုဝေးခန်းမဆောင်တစ်ခု ပါဝင်နေကြောင်း တွေ့ရသည်။

အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ပြုပြင်ဆဲနှင့် ပြုပြင်ရန် ကျန်အခြေအနေမှာ အထကကျောင်း ၄၈၇ ကျောင်းရှိသည့်အနက် ၂၈၄ ကျောင်း ထိခိုက်ပျက်စီးခဲ့ရာ ၄၉ ကျောင်း ပြုပြင်ပြီးစီးခဲ့ပြီး ၂၃၅ ကျောင်းပြုပြင်ဆဲဖြစ်သည်။ အလကကျောင်း ၁၁၇၁ ကျောင်းရှိသည့်အနက် ၅၉၃ ကျောင်း ထိခိုက်ပျက်စီးခဲ့ရာ ၄၇ ကျောင်း ပြုပြင်ပြီးစီးခဲ့ပြီး ၄၆၁ ကျောင်းပြုပြင်ဆဲဖြစ်သည်။ ပြုပြင်ရန် ကျန် ၈၅ ကျောင်းဖြစ်သည်။ မူလတန်းကျောင်း ၁၅၃၅ ကျောင်းရှိသည့်အနက် ၅၀၇ ကျောင်း ထိခိုက်ပျက်စီးခဲ့ရာ ပြုပြင်ပြီး ၆၀၊ ပြုပြင်ဆဲ ၃၄၇ ကျောင်း၊ ပြုပြင်ရန်ကျန် ၁၀၀ ဖြစ်သည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ်အတွင်း အခြေခံကျောင်းအားလုံးကို ခြုံငုံကြည့်ပါက ကျောင်းပေါင်း ၃၁၉၃ ကျောင်းရှိရာ ထိခိုက်ပျက်စီးသည့်ကျောင်း ၁၃၈၄ ကျောင်း၊ ပြုပြင်ပြီး ၁၅၆ ကျောင်း၊ ပြုပြင်ဆဲ ၁၀၄၃ ကျောင်း၊ ပြုပြင်ရန် ကျန် ၁၈၅ ကျောင်း ဖြစ်သည်။



**ကျောင်းအပ်နှံပြီးစီးမှုအခြေအနေ**

ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်၌ ဇွန်လ ၂ ရက်နေ့အထိ ကျောင်းအပ်နှံပြီးစီးမှုအခြေအနေမှာ အထက်တန်း ၄၇၇၈၃ ဦး၊ အလယ်တန်း ၉၄၉၇၄ ဦး၊ မူလတန်း ၂၉၄၄၉၆ ဦး စုစုပေါင်း ၄၃၇၂၅၃ ဦးဖြစ်သည်။ ပြီးခဲ့သည့်နှစ်၌ ရခိုင်ပြည်နယ်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း ၄၇ ရာခိုင်နှုန်းဖြင့် အောင်မြင်မှုသရဖူဆောင်းခဲ့ကြောင်း သိရသည်။ ယခုများမကြာမီအချိန်၌လည်း သားငယ်သမီးငယ်များ၏ အောင်မြင်မှုသတင်းကောင်းများကို ကြားရလိမ့်မည်ဟု ယုံကြည်ပါသည်။ ဝတီလေးရပ်လုံးလည်း အေးချမ်းသာယာရှိကြပါစေ။ ။

(ဆက်လက်ဖော်ပြပါမည်)

○ မိုးကြီးမည်မှ

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

ဥတုရာသီ တောကိုမှီ၏။

## ကော့သောင်းမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

ကော့သောင်း ဇွန် ၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ဇွန် ၆ ရက်က ကော့သောင်းမြို့နယ် ကံပုံကြီးနားကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ခံ ဦးစိုးထက်အောင်က အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းတွင် ကံပုံကြီးနားကျေးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလ ငါးရက်အတွင်း စာတွေ့၊ လက်တွေ့ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို တိုက်ကြီးမြို့နယ် သနပ်ချောင်းကျေးရွာ မဟာဗောဓိ ဘုရားငါးဆူသာသနာ့ရိပ်သာ၌ ဇွန် ၈ ရက်က ကျင်းပရာ ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ ဉာဏ်ဟိန်း



ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ရွာငံမြို့နယ်၌ လူထုပူးပေါင်းပါဝင်သည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက်က လက်ပံပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပရာ ကျွန်း၊ ခါတော်မီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ချယ်ရီ ပျိုးပင်ပေါင်း ၃၀၀ အား စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၀ | ၂၀၇၅ | ၂၀၄၀ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၇၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၀ | ၂၃၅၀ | ၂၇၀၀ |
| 95 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၅ | ၂၂၆၀ | ၂၂၈၀ | ၂၁၇၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၅၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၅၀ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၅ | ၂၁၀၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၀ | ၂၀၃၅ | ၂၀၃၅ | ၂၀၄၀ | ၂၂၆၅ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၄၀ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၅ | ၂၁၈၀ | ၂၁၇၅ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၂၀ | ၂၃၄၅ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၄၀ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၅ | ၂၁၈၀ | ၂၁၇၅ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၂၀ | ၂၃၄၅ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၇ | ၂၀၀၀ |
| 95 Ron | ၂၀၂၂ | ၂၀၉၆ |
| HSD (500 ppm) | ၁၈၅၀ | ၁၉၁၇ |
| HSD (50 ppm) | ၁၉၂၄ | ၁၉၉၂ |
| HSD (10 ppm) | ၁၉၂၄ | ၁၉၉၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၈၀၁၁ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၆ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၁၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၁၁,၆၃၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၄၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၃၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ခွေးမြိုပ်ကျေးရွာနေ ရဲနိုင်အောင်သည် ၎င်းအသုံးပြုသည့် “Sai Sai Ye” Facebook အကောင့်နှင့် နန်းဦးကျေးရွာနေ နောင်ရိုးထွန်းသည် ၎င်းအသုံးပြုသည့် “Naung Yoe Htun” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့သံနှင့်သံမဏိအခန်းကဏ္ဍကို ပြန်လည်သုံးသပ်ခြင်း

ကိုချင်း

**(ယမန်နေ့မှအဆက်)**

သံကြမ်းခဲတွင်ပါဝင်သော အပေါက်များကို ပြာနှင့်ချော်များဖြင့်ဖြည့်သည်။ ထိုသံကြမ်းကို အပူပေးခြင်းဖြင့် သံကိုပျော့လာစေပြီး ချော်ကို အရည်ပျော်စေသည်။ တူဖြင့် ထုနှက်၍ အရည်ပျော်နေသောချော်ကို ဖယ်ထုတ်သည်။ အတော်အတန်ပျော့၍ ပုံသွင်းနိုင်သော သံကြွပ် ( wrought Iron) ကိုရရှိသည်။

သံကြွပ်အား ကာဗွန်ဖြည့်စွက်သောနည်းစဉ်ကို ကြေးမှသံသို့အသုံးပြုမှု အကူးအပြောင်းတွင် တစ်ပြိုင်နက်တည်းဖြစ်ပေါ်သည်။ သံကြွပ်ကို မီးသွေးပြင်ပေါ်တွင်အပူပေး၍ ရေ သို့မဟုတ် ဆီဖြင့် ငြိမ်းသတ်ပါက ပို၍သံမာလာသည်။ သံ၏အပေါ်ယံလွှာသည် သံမဏိသို့ ကူးပြောင်းလာသည်။ ကြေးထက်ပိုမာ၍ မကြွပ်ဆတ်သဖြင့် ကြေးနီ၏နေရာတွင် အစားထိုးသုံးစွဲလာနိုင်သည်။

ထင်းမီးသွေးကို အပူပေးပါက လေတွင်ပါဝင်သော အောက်ဆီဂျင်ဖြင့်ပူးပေါင်းကာ ကာဗွန်မိုနောက်ဆိုက်(Carbon Monoxide, CO)ကိုထုတ်လုပ်သည်။ အပူသည် ရေပါသော သံအောက်ဆိုက်မှ ရေကိုဖယ်ထုတ်ပစ်၍ ဟေမတိုက် ($Fe_2O_3$) သို့ ပြောင်းသည်။ ဟေမတိုက်ကို ဓာတ်လျှော့သောအခါ ဝူးစတိုက်(FeO)ထွက်လာသည်။ ကာဗွန်မိုနောက်ဆိုက် CO သည် ဝူးစတိုက်ကို သံဒြပ်စင် (Fe) သို့ ပြောင်းစေသည်။ ဝူးစတိုက်(FeO) သည် သဲနှင့် ဓာတ်ပြု၍ ချော်တွင် အဓိကပါဝင်သည်။ သံအော်လီဗင်း-ဖာယာလိုက်ကို ဖြစ်ပေါ်စေသည်။

တစ်ချိန်တည်း၌ပင် အချို့သံများသည် ချော်တွင်ပါဝင်သွား၍ ဆုံးရှုံးသွားသည်။ ထို့အတူ သံအောက်ဆိုက်များလည်း ဆုံးရှုံးသည်။ ချော်များတွင် သံရိုင်း၌ပါသည့် အခြားမလိုအပ်သော ပစ္စည်းများ၊ အရည်ပျော်သော ဖိုနံရံများ၊ ဆီလီကာများနှင့် လောင်စာတွင်ပါဝင်သော အောက်ဆိုက်များစသည်တို့ ပါဝင်ကြသည်။ မြင့်မားသောအပူချိန်၌ ပါဝင်သော ဆီလီကာများသည် သံအောက်ဆိုက်များနှင့်ပူးပေါင်း၍ အော်လီဗင်းတွင်းထွက် (Mineral) တစ်မျိုးဖြစ်သည့် ဖာယာလိုက်ကို ဖြစ်ပေါ်စေသည်။ ဤသည်မှာ ရှေးခေတ်အခြေခံကျသော သံကုန်ကြမ်းဖြစ်သည့် သံမြေမှ သံချက်လုပ်သည့်နည်းဖြစ်သည်။

### စမုံမြစ်ဝှမ်းအနီးတွင် သံချက်ဖိုများ အများအပြားတွေ့ရှိ

မြန်မာနိုင်ငံတွင် ရှေးအခါကတည်းက ကြေး၊ သံထုတ်လုပ်ပြီး အသုံးပြုခဲ့ကြသည့် ကြေးခေတ်၊ သံခေတ်သမိုင်းကြောင်းကို ရှေးဟောင်းသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက် အထောက်အထားများအရ သိရသည်။ အထက်ဖော်ပြပါ တင်ပြသောအချက်များသည် ရှေးဟောင်းသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်များဖြစ်သည်။

ကျွန်တော်တို့ လက်လှမ်းမီသောခေတ်ကို ပြန်ကြည့်မည်ဆိုပါက စမုံမြစ်ဝှမ်းဒေသတွင် ကြေးခေတ်၊ သံခေတ်တို့ကို ကျော်ဖြတ်ခဲ့သော သမိုင်းအထောက်အထားများတွေ့ရှိရသည်။ စမုံမြစ်ဝှမ်းသည် မြစ်သားမြို့အနီးတွင်တည်ရှိပြီး ထူးခြားချက်မှာ စမုံမြစ်သည် တောင်ဘက်မှ မြောက်ဘက်သို့ စီးဆင်းနေခြင်းဖြစ်သည်။ ယင်းမြစ်ဝှမ်းအနီးတွင် သံချက်ဖိုများ အများအပြားတွေ့ရှိခဲ့ပြီး ကြေးခေတ်နှင့်ပတ်သက်သည့် အထောက်အထားများလည်း အများအပြားတွေ့ရှိခဲ့သည်။



သံမဏိစက်ရုံ(မြင်းခြံ)ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်မှုများကို ဖေဖော်ဝါရီ ၁၅ ရက်က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

သံချက်ဖိုများကို ပုပ္ပားတောင်၏ အနောက်တောင်ဘက်တွင်ရှိသော သံဘိုကျေးရွာအနီးတစ်ဝိုက်၊ ချောင်းဖျားရွာတစ်ဝိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တစ်ကောင်း-ကြာညှပ်အနီးပတ်ဝန်းကျင်တွင် ရှေးဟောင်းသံဖိုများ အများအပြားကို နေရာအနှံ့တွေ့ရှိခဲ့ကြသည်။

သံသတ္တုသိုက်များသည် မြန်မာနိုင်ငံ၌ ပြန့်ကျဲနေပြီး ရှေးအခါကတည်းက တည်ရှိခဲ့သည်။ သံသတ္တုရိုင်းကိုအခြေခံ၍ ထုတ်လုပ်သော သံချက်လုပ်ငန်းသည်လည်း မြန်မာနိုင်ငံအနှံ့ပင်ဖြစ်သည်။ ရှေးသံချက်လုပ်ငန်းရှိရာ ဒေသများတွင် အသုံးပြုခဲ့သော ရှေးသံချက်ဖိုများ၊ ချော်များကို တွေ့ကြရသည်။ သံချက်လုပ်သောနည်းပညာသည် ကြေးခေတ်တွင် သန္ဓေတည်၍ ယင်းမှသည် သံခေတ်၊ သမိုင်းမတင်မီ မြို့ပြထူထောင်သောခေတ်၊ ရှေးမြန်မာမင်းများလက်ထက်တိုင် ထင်ရှား၍ အားကိုးအားထားပြုရသော နည်းပညာဖြစ်ခဲ့သည်။ ရှေးအခါက ပေါ်ထွန်းခဲ့သည့် အမျိုးမျိုးသော သံချက်ဖိုများသည် ထိုခေတ်ထိုအခါက လူတို့၏ ဘဝကို ထူးထူးခြားခြားပြောင်းလဲစေပြီး အလှည့်အပြောင်းသစ်များ ဖြစ်ပေါ်စေခဲ့သည်။

### ဖိုပုံသဏ္ဌာန်အမျိုးမျိုးကွဲပြား

သံချက်ရာတွင် ဖိုအတွင်း လေသွင်းမှုအပေါ် အခြေခံ၍လည်းကောင်း၊ ဖိုမှ သတ္တုနှင့် ချော်များ ဖယ်ထုတ်ပုံကို အခြေခံ၍လည်းကောင်း၊ သီးခြားရပ်တည်၍လည်းကောင်း၊ ကမ်းပါးကို အမှီပြု၍လည်းကောင်း ဖိုပုံသဏ္ဌာန်အမျိုးမျိုး ကွဲပြားခြားနားကြသည်ကို တွေ့ရသည်။ ဖိုတွင် ဖလားပုံဖို၊ အမိုးခုံးပုံရှိသောဖို၊ လိုဏ်ခေါင်းပါသောဖို၊ ချော်တွင်းပါသောဖို၊ ကမ်းပါးတွင် နံရံကိုတွင်းတူးထားသောဖိုဟူ၍ ခွဲခြားနိုင်သည်။ ဖိုကို သဲပါဝင်သောရွှံ့စေး သို့မဟုတ် ကျောက်တုံးများဖြင့် တည်ဆောက်ခဲ့သည်။ ဖိုအတွင်းနံရံသည် ရှေးကျသောဖိုများတွင် အဝိုင်းဖြစ်၍ နောက်ကျသောဖိုများ၌ လေးထောင့်ပုံသို့ ပြောင်းသွားသည်။ ဖို၏ကုန်ကြမ်းများကို အများအားဖြင့် သံသတ္တုရိုင်းများပါဝင်သည့် ကွန်ကရစ်အလုံးအခဲ (ခေါ်) ဘီလူးမ ထမင်းအိုးမှရရှိသည်။ ယင်းကွန်ကရစ်အလုံးအခဲများကို ဖိုတည်ရာအနီးတစ်ဝိုက်ရှိ ရေဝတီကျောက်လွှာစုနှင့် ပဲခူးကျောက်လွှာစုများမှ ရရှိသည်။

မီးသွေးကို ပတ်ဝန်းကျင်ရှိ သစ်တောများမှ သစ်များကို မီးသွေးဖုတ်၍လည်းကောင်း၊ သစ်သားအနေဖြင့်လည်းကောင်း မီးသွေးရော ထင်းပါ အသုံးပြုခဲ့ကြသည်။ တိုက်ရိုက်သံချက်နည်းတွင် မီးသွေးမှ ထွက်ပေါ်လာသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့နှင့် သံရိုင်းတွင်ပါဝင်သည့် မလိုအပ်သော ပစ္စည်းများ၊ ဆီလီကာ၊ သံအောက်ဆိုက်နှင့် ဖိုနံရံမှ ရွှံ့စေးတို့ အပူပေးသောအခါ ဓာတ်ပြု၍ အပူချိန် 1100°C အထက်တွင် ချော်များ ဦးစွာစီးကျထွက်ပေါ်လာသည်။ ချော်ပုံကိုကြည့်၍ သတ္တုထုတ်လုပ်မှု၊ သံချက်လုပ်ငန်း၏ တွင်ကျယ်မှုကို ခန့်မှန်းနိုင်သည်။

ချော်ကို ဓာတ်ခွဲကြည့်ခြင်းအားဖြင့် အသုံးပြုသောကုန်ကြမ်းကို ခန့်မှန်းနိုင်သည်။ အများအားဖြင့် သံကြမ်းထုတ်လုပ်ရာတွင် ဖိုကိုဖျက်၍ ယူလေ့ရှိသည်။ ဖိုနှင့် သံကြမ်းကို အကောင်းပကတိနှင့်တွေ့ရန်ခဲယဉ်းသည်။ ဖိုအစိတ်အပိုင်းအချို့နှင့် ချော်များကိုသာ တွေ့ရလေ့ရှိသည်။ သံကြမ်းကို မီးသွေးဖြင့် အပူပေး၍ ထုနှက်ခြင်းဖြင့် သံထည်ပစ္စည်းများကို ထုတ်လုပ်ကြသည်။ တိုက်ရိုက်သံချက်နည်းစဉ်သည် သံထည်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးတည့်သဖြင့် နှစ်ပေါင်းများစွာ မြန်မာနိုင်ငံတွင် ယင်းနည်းကိုသာ မပြောင်းမလဲ အသုံးပြုခဲ့ကြသည်ဟု ဘူမိဗေဒပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များက လေ့လာထားသည်ကို တွေ့ရသည်။

ပုဂံခေတ်၊ တောင်ငူခေတ် စသည့် သမိုင်းခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲလာရာ ရတနာပုံခေတ် ကနောင်မင်းသားလက်ထက်တွင် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရန် စက်ရုံတော်ပေါင်း ၅၀ ကျော် ထူထောင်ခဲ့သည်ကို မန္တလေးမြို့ပတ်ဝန်းကျင်တွင်ရှိသော စက်ရုံတော်များကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ယင်းစက်ရုံတော်များအနက် သံ၊ သံမဏိနှင့်ပတ်သက်ပြီး ထင်ရှားသောစက်ရုံမှာ စစ်ကိုင်းမြို့ ရွှေတောင်ဦးမော်အရပ်တွင် ယခုထိတိုင်ရှိနေသော သံချက်ဖိုကြီးဖြစ်သည်။ ယင်းသံချက်ဖိုကြီးသည် မြန်မာနိုင်ငံတွင် သံထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့ခြင်းဖြစ်သော်လည်း နည်းမျိုးစုံအဟန့်အတားများ အကြောင်းအမျိုးမျိုးတို့ကြောင့် ပြီးစီးသည်အထိ မတည်ဆောက်နိုင်ခဲ့ပါ။ သမိုင်းအထောက်အထားများအရ လက်နက်စက်ရုံတော်၊ ဒင်္ဂါးအရည်ကျိုစက်ရုံတော်၊ အမြောက်သေနတ်၊ လုံအမျိုးမျိုး၊ ဗုံးဆန်ထုတ်လုပ်သော စက်ရုံတော်၊ သင်္ဘောနှင့်ဆိုင်သောစက်ရုံတော်၊ ရက်ကန်းစက်ရုံတော်၊ ဆန်စပါးအမျိုးမျိုး ကြိတ်ခွဲသောစက်ရုံတော်၊ သစ်၊ ပျဉ်များခွဲသည့် လွှစက်ရုံတော်၊ သကြားချက်စက်ရုံတော်၊ မဲနယ်ချက်စက်ရုံတော် စသည်ဖြင့် စက်ရုံအမျိုးမျိုး ၅၀ ကျော် တည်ထောင်ခဲ့သည်ကို တွေ့ရသည်။ အဆိုပါစက်ရုံတော်များတွင် သံ၊ သံမဏိကိုအသုံးပြုသည့် စက်ရုံတော်များ အများအပြားတွေ့ရသည်။

### သံရည်ကျိုလုပ်ငန်းများ အများအပြားပေါ်ထွန်းလာ

ဗြိတိသျှလက်အောက် ကျရောက်ခဲ့သည့်အချိန်တွင် မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်ပတ်ဝန်းကျင်၌ နယ်ချဲ့များက စက်မှုလုပ်ငန်းများလုပ်ကိုင်ကြသည့်အတွက် သံရည်ကျိုလုပ်ငန်းများ အများအပြား ပေါ်ထွန်းလာသည်။ ပုစွန်တောင်သံရည်ကျိုရုံ၊ Rangoon Foundary ဟု ခေါ်ဆိုသော အလုံသံရည်ကျိုရုံ၊ သင်္ဘောကျင်းများတွင်ရှိသော သံရည်ကျိုရုံ စသည်ဖြင့် လုပ်ငန်းအများအပြား ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ကြေး၊ ကြေးနီကျိုသည့်စက်များ၊ သံကြွပ်ကျိုသည့်စက်များ၊ သံမဏိပြုလုပ်ရန်အထိ ကြိုးစားခဲ့ကြသည့် အထောက်အထားများလည်း တွေ့ခဲ့ရသည်။

လွတ်လပ်ရေးရရှိပြီး ပြည်တော်သာခေတ်၌ ပထမဦးဆုံး သံ၊ သံမဏိစက်ရုံအဖြစ် တည်ထောင်ခဲ့သည့် စက်ရုံမှာ အင်းစိန်မြို့နယ်မှ ရွာမစက်ရုံဖြစ်သည်။ ဤစက်ရုံမှာ သံ၊ သံမဏိနှင့်ပတ်သက်သည့် ပစ္စည်းများ စတင်ထုတ်လုပ်ခဲ့သည်။ ယင်းနောက်တွင်ပြင်ဦးလွင်၌သံပွစက်ရုံပေါ်ပေါက်လာပြီး Sponge Iron ဟု ခေါ်သော သံပွများ ထုတ်လုပ်ပေးနိုင်ခဲ့သည်။ နောက်ပိုင်းတွင် ဧရာဝတီ အနောက်ဘက်ကမ်းတစ်လျှောက် ဆင်တဲ၊ မလွန်၊ ထုံးဘိုနေရာများတွင် သံကြွပ်သွန်းလောင်းသည့်စက်များ၊ သံမဏိထုတ်လုပ်သည့်စက်များ ပေါ်ပေါက်လာခဲ့ပြီး စက်အစိတ်အပိုင်းပစ္စည်းများ ထုတ်လုပ်ခဲ့ကြသည်။

### ဘက်စုံသံမဏိစက်ရုံကြီးကို စတင်တည်ထောင်

၂၀၀၀ ပြည့်နှစ်ကျော်နောက်ပိုင်းတွင် မြန်မာနိုင်ငံစက်မှုလက်မှုဖွံ့ဖြိုးရေးအတွက် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် သံမဏိသံရည်ကျိုနိုင်သော မီးဖိုများပါဝင်သည့်

စာမျက်နှာ ၁၈ သို့

❖ **မြန်မာနိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ လူနေမှုဘဝတိုးတက်မြင့်မားလာရန်နှင့် သမိုင်းကြောင်းအရလည်း အင်မတန်မှအရေးပါလှသော သံ၊ သံမဏိများထုတ်လုပ်နိုင်ရန် ကြိုးစားရာ၌ အနှောင့်အယှက်အမျိုးမျိုးဖြင့် ရင်ဆိုင်တွေ့ကြုံခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ရသည့်အနေအထားများကိုတွေ့ရှိရ**

❖ **နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသည့် သံ၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းတစ်ခု အောင်မြင်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဤသို့ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် စက်မှုနိုင်ငံများ၏ ဈေးကွက်ပျောက်ဆုံးသွားမည်ဖြစ်သည့်အတွက် ၎င်းတို့၏ဈေးကွက် မပျောက်ဆုံးနိုင်ရန် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးမှုများလည်း ကြုံတွေ့ရမည်**

# လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာသင်တန်း ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲ ကျင်းပ




**လွိုင်ကော် ဇွန် ၈**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာသင်တန်း (၉/၂၀၂၃) ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော် ပညာရေးဒီဂရီကောလိပ်ကျောင်းတွင် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ကျောင်းအုပ်ကြီး ဒေါ်ချယ်ရီထွန်းက လက်ခံရယူသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးက ကပြဖျော်ဖြေသွားသည့် အကအဖွဲ့နှင့် အဖွင့်သီချင်း သီဆိုသွားသောအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၈**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



### ထောက်ပံ့ပေးအပ်

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာစည်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျေးရွာရှိ ရွာမကျောင်းတိုက် ဆရာတော်အား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပုဏ္ဏားကျွန်းမြို့ဦးဘုန်းတော်ကြီးကျောင်း၌ ပြိုကျပျက်စီးနေသည့် ကျောင်းဆောင်များကို ရှင်းလင်းပေးပြီး စံပြရပ်ကွက်နှင့် ရွာဟောင်းရပ်ကွက်တို့မှ ဒေသခံပြည်သူများအား အဆိုပါကျောင်းတိုက်၌ ဆန်များ ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။

အလားတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်း၍ ကျောက်ဖြူမြို့အဝင် ကားလမ်းမကြီး ဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဘူးသီးတောင်မြို့ လမ်းဘေး ဝဲ/ ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ မဟာကံကြီးသျှင် ဘုရားကြီးဝင်း အတွင်းရှိ လေဘေးသင့်ပြည်သူများ၊ ပရဟိတ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် သောက်ရေသန့်များ ပေးဝေခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး အဆိုပါဘုရားကြီးရှိ ကျောင်းထိုင်ဆရာတော်အား ဆန်၊ ဆီ၊ ပဲ၊ ဆားများ ဆက်ကပ်လှူဒါန်းသည်။

### ကျန်းမာရေးစောင့်ရှောက်ပေး

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာ ကားလမ်းတစ်လျှောက်ရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်း ကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မယ်ဇလီကုန်းကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့နယ်သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အင်းဒင်ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ကျားမသောက်ကျေးရွာမှ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

● စာမျက်နှာ ၁၇ မှ

ဘက်စုံသံမဏိစက်ရုံကြီး (Integrated Steel Mill) ကို စတင်တည်ထောင်ခဲ့ သည်။ တည်ထောင်ခဲ့သည့် ရည်ရွယ်ချက်မှာ သံရည်ကျိုရာမှ ထွက်ရှိလာသော သံမဏိများကို အပူးပေးပြီး ကြိတ်ခြင်း၊ အအေးစနစ်ဖြင့် ကြိတ်ခြင်းတို့ ဆောင်ရွက်ကာ သံချောင်းများ၊ သံလုံးများ၊ ပိုက်များ၊ သွပ်ပြားများ၊ သံပြားများ၊ မီးရထားသံလမ်းများထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်အရောက်တွင် ပြည်ထောင်စုလွှတ်တော်က စီးပွားရေးတွက်ခြေမကိုက်၍ရပ်တန့်ခြင်းခံရသည့် စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံ ၂၂ ရုံနှင့် စီမံကိန်းနှစ်ခုတွင် ဤစက်ရုံကြီးလည်းပါဝင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်တန့်သွားခဲ့ရသည်။ ထိုအချိန်က စီမံကိန်းအတွက် စက်ပစ္စည်းများ အားလုံး ဝယ်ယူထားပြီးဖြစ်၍ စက်ပစ္စည်းများမှာလည်း မြင်းခြံသံမဏိစက်ရုံသို့ ရောက်ရှိနေပြီးဖြစ်သည်။ ရောက်ရှိပြီး စက်ပစ္စည်းများကို အမိုးအကာအလုံအလောက်မရှိ၍ အမိုးအကာအောက်၌ အနည်းငယ်သာ ထားနိုင်ခဲ့ကြပြီး အများစုမှာ အမိုးအကာမရှိသော မြေပြင်တွင် နှစ်ပေါင်းများစွာ စုပုံထားခဲ့ကာ ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ အဆိုပါစက်ပစ္စည်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေဖြင့် ဝယ်ယူခဲ့ရခြင်းဖြစ်ပြီး နှစ်စဉ်နှင့်အမျှ ချေးငွေအတွက် အတိုးရောအရင်းပါ ပြန်လည်ပေးဆပ်နေရသော်လည်း တစ်ဖက်တွင် စက်ရုံလည်ပတ်နိုင်စွမ်းမရှိသည့်အတွက် နိုင်ငံအတွက် များစွာနစ်နာမှုများဖြစ်ပေါ်ခဲ့သည်။

ဤစက်ရုံစီမံကိန်းကြီးနည်းတူ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုရွာအနီးတွင် သဘာဝသံသတ္တုရိုင်း (Iron Ore) မှ သံစိမ်း (Pig Iron) ထုတ်လုပ်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သည့် ပင်းပက်သံမဏိစက်ရုံစီမံကိန်းကြီးမှာလည်း စီမံကိန်း ၉၈ ရာခိုင်နှုန်းကျော် ပြီးစီးနေသည့်အချိန်တွင် မြင်းခြံသံမဏိစက်ရုံ စီမံကိန်းကြီးကဲ့သို့ပင် ရပ်ဆိုင်းခံရသည့်စာရင်း၌ ပါဝင်ခဲ့သည်။ စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် သံစိမ်း (Pig Iron) တန်ချိန် ၂၀၀၀၀၀ ခန့်နှင့် ဟီမတိုက်သံသတ္တုရိုင်း (Hematite Iron Ore 6~31 mm) တန်ချိန် ၄၅၀၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ အဆိုပါစက်ရုံမှ ထွက်ရှိလာသော သံစိမ်းများသည် နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်လည်း သံစိမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာတွင် တစ်ဖက်တစ်လမ်းမှ ကြီးစွာသော အထောက်အကူပြုမှုတစ်ခု ဖြစ်လာမည်မှာ အသေအချာပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံအတွက် နစ်နာနေမှုများကို ပြန်လည်ဆယ်တင်နိုင်ရန် စီမံကိန်းမပြီးစီးသေးသည့်ပင်းပက်သံမဏိစက်ရုံကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်စေခြင်း၊ မြင်းခြံသံမဏိစက်ရုံ၏ ယခင်ကလည်ပတ်ခဲ့ပြီးဖြစ်သည့် Melt Shop- 1 ကိုပြန်လည်လည်ပတ်နိုင်ရန် ဦးစွာစတင်ဆောင်ရွက်စေပြီး စီမံကိန်း ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိနေသည့် အပိုင်းများကိုလည်း အဆင့်လိုက်ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်စေခဲ့သည်။ ထို့ကြောင့် နှစ်များစွာ ရပ်ဆိုင်းထားသည့် မြင်းခြံသံမဏိစက်ရုံ၏ Melt Shop- 1 ကို ဦးစွာ ပြန်လည်လည်ပတ်နိုင်ရန် ၂၀၂၂ ခုနှစ် နှစ်စမှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် မတ်လရောက်မှသာ ပြန်လည်လည်ပတ်နိုင်ခဲ့သည်။

### ၉၂ ရာခိုင်နှုန်းအား နှစ်စဉ် ပြည်ပမှတင်သွင်းနေရ

မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း (Myanmar Iron and Steel Association) က မြန်မာနိုင်ငံ၏ သံ၊ သံမဏိလိုအပ်ချက်မှာ နှစ်စဉ်တန်ချိန် နှစ်သန်းခန့်ရှိပြီး ၉၂ ရာခိုင်နှုန်းအား နှစ်စဉ် ပြည်ပမှ တင်သွင်းနေရကြောင်း၊ ၂၀၃၀ ပြည့်နှစ်အရောက်တွင် သံ၊ သံမဏိလိုအပ်ချက်မှာ တန်ချိန် ၅ ဒသမ ၄ သန်းခန့် လိုအပ်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ လူနေမှုဘဝတိုးတက်မြင့်မားလာရန်နှင့် သမိုင်းကြောင်းအရလည်း အင်မတန်မှ အရေးပါလှသော သံ၊ သံမဏိများထုတ်လုပ်နိုင်ရန် ကြိုးစားရာ၌ အနှောင့်အယှက်အမျိုးမျိုးဖြင့် ရင်ဆိုင်တွေ့ကြုံခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ရသည့် အနေအထားများကို တွေ့ရှိရခြင်းဖြစ်သည်။ ကျွန်တော်တို့နိုင်ငံနှင့်အလားတူ အာဆီယံနိုင်ငံတစ်ခုတွင်လည်း သံမဏိစက်ရုံကြီး တည်ထောင်ရာ၌ အလားတူ အခက်အခဲများနှင့် တွေ့ကြုံပြီး အဆိုပါ သံမဏိစက်ရုံကြီးမှာလည်း လည်ပတ်နိုင်ခြင်း မရှိကြောင်း သိရသည်။

ဤသည်ကို လေ့လာသုံးသပ်ခြင်းအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသည့် သံ၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းတစ်ခု အောင်မြင်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဤသို့ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် စက်မှုနိုင်ငံများ၏ ဈေးကွက်ပျောက်ဆုံးသွားမည်ဖြစ်သည့်အတွက် ၎င်းတို့၏ဈေးကွက် မပျောက်ဆုံးနိုင်ရန် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးမှုများလည်း ကြုံတွေ့ရမည်ဖြစ်ကြောင်း သုံးသပ်ရမိသည်။ ထို့ကြောင့် သံ၊ သံမဏိထုတ်လုပ်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ နည်းပညာရရှိရေး အမြင်အမျိုးမျိုးဖြင့် စဉ်းစားဝေဖန်သုံးသပ်၍ဝိုင်းဝန်းပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်း တင်ပြဆွေးနွေးလိုက်ရပါသည်။ ။

**ကိုးကား။**

**(၁) ပျောက်ကွယ်လုနီးရှေးဟောင်းသံချက်ဖိုများ၊**

**(၂) မြန်မာ့သံခေတ် လူ့စွမ်းကောင်း ပန်းပဲမောင်တင့်တယ် လေ့လာချက်စာတမ်း၊**

**(၃) စမုံမြစ်ဝှမ်းဒေသရှိ ကြေးခေတ်၊ သံခေတ် လက်နက်ကိရိယာများနှင့် ပုတီးစေ့များ၏ ကုန်ကြမ်းအရင်းအမြစ်ကို ကြံဆခြင်း၊ တင်မောင်ဦး (ရွှေပြည်)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အမှတ်(၂)တည်ဆောက်ရေး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (တင်ဒါအမှတ် - ၁ /၂၀၂၃-၂၀၂၄)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်ရှိ နမ့်ပငချောင်းအသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများတွင် အသုံးပြုရန်အတွက် **ဘိလပ်မြေ (၉၀၀)တန် ဝယ်ယူခြင်း (Lot-1)**အား ဘယ်လင်းစခန်း(ကျောက်ဆည်)အရောက် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများစတင်ရောင်းချမည့်ရက်နှင့် အချိန် - ၉-၆-၂၀၂၃ ရက် (နံနက် ၉:၀၀ နာရီ)
တင်ဒါလျှောက်လွှာများနောက်ဆုံးရောင်းချမည့်ရက်နှင့် အချိန် - ၂၂-၆-၂၀၂၃ ရက် (ညနေ ၁၆:၀၀ နာရီ)
တင်ဒါလျှောက်လွှာများနောက်ဆုံးလက်ခံမည့်ရက်နှင့်အချိန် - ၂၃-၆-၂၀၂၃ ရက် (ညနေ ၁၆:၀၀ နာရီ)

၃။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ-တွဲဖက်)ရုံး၊ မုံရွာမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၇၁-၂၀၂၃၂၉ ၊ ၀၉-၆၉၉၉၀၀၅၅၉

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၁)၊ လူနေရပ်ကွက်အမှတ် (၁၂၁)၊ အင်းဝလမ်း၊ မြေကွက်အမှတ် (၂၀)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဒေါက်တာဦးကြည်ကြည်မောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း ဝန်ခံသူ ဒေါ်ဆုရတီဝင်း [၁၂/လသန(နိုင်)၁၂၄၀၆၇]မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်မေသင်းခိုင်**
**[၁၂/ဥကတ(နိုင်)၁၈၅၈၇၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖွန့်မေဒေး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၂၄၄၃၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၈၉) ဟုခေါ်တွင်သည့် (၇)ထပ်တိုက် အဆောက်အဦ၏ (၅)လွှာ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂½ပေx၅၀ပေ)ရှိသော ရေ၊ မီးစုံ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသိန်းဝင်း [၁၂/လမတ(နိုင်) ၀၂၀၆၃၀] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြင့်မြင့်ခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၂)**

**ဦးမြင့်စိုး(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၄၄၁)**

**အမှတ်(၂၃၀)၊ သီရိဇေယျာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၂၅၃၇၃၅၊ ၀၉-၇၉၅၂၈၄၄၅၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၁) ရပ်ကွက်၊ သီရိပုလဲသွယ်လမ်း၊ အကွက်အမှတ် (၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် (၅/၂/၁၆)၊ မြေကွက်အမှတ် (၄၈)၊ ဧရိယာ (၀.၀၅၅)ဧကအကျယ်ရှိ ဂရန်အမှတ်တွဲ အမှတ် RPNO- 75 V/2004-2005 အရ ဒေါ်တင်တင်နွယ်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ပိုင်ရှင် ဒေါ်တင်တင်နွယ် (ဘ) ဦးပါ [၁၂/ကတန(နိုင်)၀၁၄၄၆၆] ထံမှ ကျွန်မတို့၏မိတ်ဆွေ ဒေါ်လှလှဌေး (ဘ) ဦးကျင်ပိန် [၁၂/လသန(နိုင်)၀၁၃၆၃၇]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်မတို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးသန္တာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၇၉၉/၂၀၁၄)**
**ဖုန်း- ၀၉-၄၂၀၁၉၂၈၂၅**

**ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၉၄၉/၂၀၁၃)**
**ဖုန်း- ၀၉-၄၂၀၅၃၁၁၀**

**(ရုံးခန်း) သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## အမည်ပြောင်းခြင်း

လမ်းမတော်မြို့နယ်ရှိ ICEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ G-10 မှ ဦးရွှေမင်း၏သား မောင်ရွှေမင်းသား [၁၂/လမတ(နိုင်)၀၃၉၂၂၆]အား ယနေ့မှစ၍ မောင်သုတဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သုတ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အထက(ကော့ပရံ) Grade-3 မှ မောင်သက်ညီညီအောင်၏ ဖခင်အမည်မှန်မှာ ဦးဇေယျာမင်း [၉/ပဗသ(နိုင်)၀၁၈၆၀၇] ဖြစ်ပါကြောင်း။

**ဦးဇေယျာမင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ မင်းဒူးအုပ်စု၊ မယင်းငယ်ကျေးရွာနေ မောင်မျိုးလှိုင်ထွန်းနှင့် မောင်ညီညီမင်းဇံတို့၏ ဖခင်အမည်မှန်မှာ ဦးငွေလှိုင်ဦး [၇/မညန(နိုင်)၀၆၆၅၄၅]ဖြစ်ပါကြောင်း။

**ဦးငွေလှိုင်ဦး**

## ပြင်ဆင်ဖတ်ရှုပါရန်

(၇-၆-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၃၁)ပါ "ကန့်ကွက်နိုင်ပါသည်" တရားလွှတ်တော်ရှေ့နေ ဒေါ်ပိုးအိဖြူ ကြော်ငြာတွင် ပြည်ထောင်စုလမ်းမနှင့် မြဝတီလမ်းထောင့်၊ အမှတ် (၆၆၆၃/က+၆၆၄) အစား အမှတ် (၆၆၄+၆၆၃/က)ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၀၁

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (၎င်းကိုယ်စား ဦးကျော်သူဝင်း Assistant Vice President) နှင့် ဒေါ်ရီဇာလင်း

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီးရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၁၀၈၅)နေ တရားပြိုင်ဖြစ်သော ဒေါ်ရီဇာလင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အကြွေးဝယ်ကတ်(Credit Card)ချေးငွေရလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၇) ရက်၊ (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိ သူသည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သော စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ (၆)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## "ဦးကျော်စိုးဝင်း (ဘ) ဦးထွန်းရှိန် [၁၂/လကန(နိုင်)၀၀၁၂၆၂] ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ဌေး [၆/လလန(နိုင်)၀၄၄၄၅၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်စိုးဝင်းနှင့် အများသိစေရန် ကြေညာအပ်သည်မှာ -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ဌေးနှင့်ဦးကျော်စိုးဝင်းတို့သည် (၈-၅-၂၀၀၅)ရက်နေ့တွင် အကြင်လင်မယားအဖြစ် စတင်ပေါင်းသင်းခဲ့ကြောင်း၊ ထိုသို့ပေါင်းသင်းစဉ် လက်ထက်ပွားပစ္စည်းအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲကျေးရွာ၊ ကွင်းအမှတ်(၁၀၃၇-A)၊ ရင်းတိုက်ပင်ကွင်း၊ ဧရိယာ (၀.၁၄)ဧက၊ မြေအမျိုးအစား(R1)၊ အရှေ့လားသော်- လှည်းကူး-ဒါးပိန်လမ်း၊ အနောက်လားသော်-ဒေါ်မြရင်၏မြေ၊ တောင်လားသော်-ဒေါ်မြရင်၏အိမ်ခြံမြေ၊ မြောက်လားသော်-ဒေါ်ခင်မြင့်သိန်း၏ အိမ်ခြံမြေ - အဆိုပါအလားလေးရပ်အတွင်းရှိ အိမ်ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ဌေးနှင့်ဦးကျော်စိုးဝင်းတို့ ပေါင်းသင်းစဉ် ဦးကျော်စိုးဝင်း၏ မိဘညီအစ်ကိုမောင်နှမများထံမှ (၁၇-၂-၂၀၁၂)ရက်နေ့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အသိသက်သေများရှေ့တွင် ဝယ်ယူထားသည့် လက်ထက်ပွားပစ္စည်းဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ဌေးသည် နိုင်ငံရပ်ခြား၌ စီးပွားရှာဖွေလုပ်ကိုင်နေသူဖြစ်ပါသောကြောင့် အထက်ဖော်ပြပါ ပစ္စည်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ဌေး၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ၊ အမည်ပြောင်းလျှောက်ထားခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း လုံးဝ မပြုလုပ်ရန် ဤကြော်ငြာဖြင့် တားမြစ်လိုက်ပါသည်။ အကယ်၍ ဤကြော်ငြာပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ တစ်စုံတစ်ရာပြုလုပ်ပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးဟူသမျှသည် ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း ဦးကျော်စိုးဝင်းနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ကြည်ဌေး ၏ လွှဲအပ်ချက်အရ -**
**ဦးမျိုးမင်းထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၂၅)**
**အမှတ်(၃၉၆)၊ ပြည်တော်သာ(၆)လမ်း၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၁၂၆၈၉၃၊ ၀၉-၉၇၄၁၂၂၀၉၅**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေထီလက်မှတ်များကို အွန်လိုင်းမှတစ်ဆင့် ဝယ်ယူကံစမ်းနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ အောင်ဘာလေထီလက်မှတ်များအား အွန်လိုင်းမှတစ်ဆင့် ဝယ်ယူကံစမ်းနိုင်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် Service Provider အဖြစ် တင်ဒါအောင်မြင်ခဲ့သည့် Telecom International Myanmar Co.,Ltd တို့ပူးပေါင်း၍ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ထီကံစမ်းလိုသူ မိဘပြည်သူများအနေဖြင့် Aung Bar Lay Application မှတစ်ဆင့် ထီလက်မှတ် တစ်စောင်လျှင် ၁၀၀၀ ကျပ် နှုန်းဖြင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ (၈)ရက်နေ့ မှစတင်၍ ဝယ်ယူကံစမ်းနိုင်ပြီဖြစ်ပါသည်။

၂။ Aung Bar Lay Application ကို Download လုပ်ရမည့် Landing Page ၏ URL Link မှာ **https://aungbarlay.ird.gov.mm/#/** ဖြစ်ပြီး Web View ကိုအသုံးပြုရမည့် URL Link မှာ **https://aungbarlayonline.ird.gov.mm/** ဖြစ်ပါသည်။ Aung Bar Lay Application ၏ တံဆိပ်အမှတ်အသား (Logo) မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

AUNG BAR LAY
Online Lottery

၃။ အောင်ဘာလေထီလက်မှတ်များကို အွန်လိုင်းမှဝယ်ယူကံစမ်းလိုသူ မိဘပြည်သူများအနေဖြင့် Application မှတစ်ဆင့် မိမိတို့နှစ်သက်ရာ အက္ခရာနှင့်နံပါတ်အား ရွေးချယ်ဝယ်ယူခြင်း၊ စနစ်မှ အလိုအလျောက် ရွေးချယ်ပေးသော အက္ခရာနှင့်နံပါတ်အား ဝယ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထီလက်မှတ် ဝယ်ယူပြီးပါက ဝယ်ယူထားသည့် ထီလက်မှတ်များကို ဝယ်ယူသူ၏ Account တွင် ပြန်လည်ကြည့်ရှု စစ်ဆေးနိုင်မည်ဖြစ်ပါသည်။

၄။ ဝယ်ယူကံစမ်းခဲ့သည့် အောင်ဘာလေအွန်လိုင်းထီလက်မှတ်များထဲမှ ကံထူးခဲ့ပါကလည်း ကံထူးရှင်၏ ဖုန်းနံပါတ်သို့ စာတို (SMS) ပေးပို့အကြောင်းကြားခြင်း၊ ကျပ် ၁၀ သိန်းနှင့်အောက် ထီဆုငွေများဖြစ်ပါက Application မှတစ်ဆင့် ထီဆုငွေထုတ်ယူနိုင်ရန်အတွက် လျှို့ဝှက်ကုတ်နံပါတ် (Security Code) ပေးပို့ခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ အောင်ဘာလေအွန်လိုင်းထီ ဆုငွေထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ကျပ် ၁၀ သိန်းနှင့်အောက် ထီဆုငွေများကို အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကိုအသုံးပြု၍ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူများအနေဖြင့် အောင်ဘာလေထီလက်မှတ်များကို Application မှ ဝယ်ယူကံစမ်းရာတွင် ပထမအဆင့်အနေဖြင့် KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay နှင့် Mytel Pay များကို အသုံးပြုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၆။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်အပြင် လက်ရှိ ကျင့်သုံးလျက်ရှိသော ထီလက်မှတ်များပုံနှိပ်ဖြန့်ဖြူးရောင်းချသည့် အောင်ဘာလေသိန်းဆုထီစနစ်ကိုလည်း ဆက်လက်ကျင့်သုံးမည်ဖြစ်ပါသည်။ အောင်ဘာလေအွန်လိုင်းထီအတွက် ထီဖွင့်ပွဲကို (၅၂) ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲနှင့်အတူ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ပူးတွဲကျင်းပသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက Aung Bar Lay Application ၏ စည်းကမ်းချက်များကဏ္ဍနှင့် အမေးအဖြေကဏ္ဍတို့တွင် ဝင်ရောက်လေ့လာနိုင်သည့်အပြင် Application အား အသုံးပြုရာတွင် အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့ရပါက Mytel Hotline No 777၊ အခြား Operator Hotline No 09-677000777 နှင့် E-mail လိပ်စာ **abl@support.com.mm** Application ၏ အထောက်အပံ့ကဏ္ဍတွင် ဖော်ပြထားသည့် တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ် လိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အမည်ပြောင်း

သံလွင် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် တက်ရောက်နေသော ဦးဇော်မင်းလတ် [၄/မတန(နိုင်)၀၁၇၇၆၈]၏ သမီး မမိုနီကာရှိုင်းမာန်အား မမိုနီကာကျင်ရှိုင်းမာန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမိုနီကာကျင်ရှိုင်းမာန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ ပါရမီကွန်ဒိုမီနီယမ်အိမ်ရာ၊ တိုက်အမှတ် (7+1D) D၊ အခန်းအမှတ် (၁၀၃)အား အမည်ပေါက် ဒေါ်မေဖြိုးဝေလင်း [၁၂/မရက(နိုင်)၁၂၀၉၈၃]ထံမှ ဝယ်ယူထားသူ ဒေါ်တင်မြတ်မြတ်စု [၈/စလန(နိုင်)၀၀၁၇၂၉] က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**ဖုန်း- ၀၆၇-၃၄၀၇၅၄၇**

## အမည်မှန်

နောင်ချိုမြို့၊ ဟိုခို-၂၊ အ.ထ.က Grade-11 မှ မပေါ်သီမား၏ အမည်အမှန်မှာ မပူရ်နာမာယာဖြစ်ကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဒေါ်တ်ဗဟာဒူး [၁၃/နခတ(နိုင်)၀၇၂၇၇၂] ဖြစ်ပါကြောင်း။

**မပူရ်နာမာယာ**
**ဦးဒေါ်တ်ဗဟာဒူး**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ် / မော်တော်ဆိုင်ကယ် ယာဉ်အမှတ်၊ 3R/9885 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးခင်မောင်သိန်း [၈/ဆမန(နိုင်) ၀၀၄၉၀၁] မှ ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၀၊ မြေကွက်အမှတ် ၂၀၃၊ မြေကွက်တည်နေရာအမှတ် (၂၀၃)၊ ကုမုဒြာလမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးရွှေအောင်)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးရွှေအောင်(ဖခင်)၊ ဒေါ်ရင်ညွန့်(မိခင်)နှင့်အစ်မ၊ ညီမဖြစ်သူ ဒေါ်သီသီအေးသည် (အပျိုကြီး)ဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်သော (၁) ဦးမြင့်ထွန်း [၁၂/သဃက(နိုင်)၀၇၉၃၆၁]၊ (၂) ဦးဝင်းအောင် [၁၂/သဃက(နိုင်)၀၇၉၄၈၈]၊ (၃) ဒေါ်လှလှ [၁၂/ဒဂမ(နိုင်)၀၁၉၄၇၆]၊ (၄) ဒေါ်မြင့်မြင့်အေး [၁၂/ဒဂမ(နိုင်)၀၁၉၄၇၅]တို့မှ မိမိတို့မောင်နှမ (၅)ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသား၊ သမီး မွေးစားထားခြင်းလည်းမရှိပါကြောင်း၊ မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ မှတ်ပုံတင်အမှတ်အမှန် ပြင်ဆင်ထားသော (ဖခင်) ဦးရွှေအောင်၏ သေဆုံးမှုလက်မှတ်၊ (မိခင်)ဒေါ်ရင်ညွန့်၏ သေဆုံးမှုလက်မှတ်၊ အစ်မ၊ ညီမဖြစ်သူ ဒေါ်သီသီအေး၏သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်၊ ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂

ဦးကျော်မျိုးဝင်း နှင့် ၁။ ဒေါ်သင်းသင်းလှိုင်
၂။ ဒေါ်တင်ပြုံး
၃။ ဒေါ်ရင်ရင်နွယ်

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ သဇင်လမ်း၊ အမှတ်(၄၇)နေ ဒေါ်သင်းသင်းလှိုင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အတည်မဖြစ်သော တရားလို၏ဝေစုအတွက် ပစ္စည်းခွဲဝေပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇွန်လ(၂၂) ရက်နေ့ (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်)နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ (၇)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောအောင်ထူး)
ဒုတိယခရိုင်တရားသူကြီး(၃)
ဒဂုံမြို့သစ်ခရိုင်တရားရုံး

---

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၂)လမ်း၊ မြေကွက်အမှတ်(B- ၁၁၁)၊ အလျား ၄၀ ပေ x အနံ ၆၀ ပေ အကျယ်ရှိ ဒေါ်စောမြမိုးအမည်ဖြင့်ချထားပေးသည့် (စလစ်) မြေကွက်အတွင်းမှ ခြေရင်းဘက်ခြမ်းဖြစ်သည့် အလျား ၂၀ ပေ x အနံ ၆၀ ပေ အကျယ်ရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံး၏ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်ကို အရောင်းအဝယ်သဘောတူကတိစာချုပ် (အဆက်ဆက်အရ) ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဇင်မာဦး(ဘ) ဦးတင့်ဆွေ [၁၂/ကမတ(နိုင်)၀၅၂၇၇၇]မှ အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **၀၉-၄၂၀၅၃၁၁၀** | **၀၉-၄၂၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

---

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အထက(၂) Grade-8 (B)မှ မောင်ရဲမျိုးထက်၏ ဖခင်အမည်မှန်မှာ ဦးမောင်ခဲ [၁၀/ ခဇန(နိုင်)၁၀၆၇၂၉] ဖြစ်ပါကြောင်း။

**ဦးမောင်ခဲ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄/စီးဖြိုးဇုန်၊ မြေကွက်အမှတ်(၁၂၄)၊ မြေကွက်တည်နေရာအမှတ်-၁၂၄၊ ဆင်တဲလမ်း၊ ၆၄/စီးဖြိုးဇုန်၊ ဒဂုံတောင်၊ ဦးကျော်မြင့် [၁၂/ပဇတ(နိုင်)၀၂၀၈၂၈] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက်ဦးကျော်မြင့်(ခင်ပွန်း) ဖြစ်သူသည် (၈-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်၍ဇနီးဖြစ်သူဒေါ်တင်ဥ [၁၂/ ပဇတ(နိုင်)၀၁၉၂၉၄]မှ တရားဝင် အမွေ ဆက်ခံခွင့်ရှိသူဇနီးဖြစ်ကြောင်း၊ အထက်ပါမြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်ကိုမိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းကျမ်းကျိန်လွှာအမှတ်-၁၉၇/၂၃(၄-၄-၂၀၂၃)၊အသိသက်သေ နှစ်ဦး၏ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စု စာရင်း၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ RC (၁)ထပ်၊ မြေကွက်အမှတ်-၁၂၅နှင့် တစ်ဆက်တည်းဆောက်လုပ်ထားပြီးကိုယ်တိုင်သံထည်ဆိုင် ဖွင့်ထားပြီး ဒေါ်တင်ဥမှ သိရှိသဘောတူလက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်တင်ဥ၏ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက် ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ MICT Park၊ တိုက်အမှတ် (၉)၊ ပထမထပ်တွင်ဖွင့်လှစ် ထားသော PRINCETON MANAGEMENT COLLEGE CO.LTD ( ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၂၁၃၃၆၁၅) သည် အောက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၅-၄-၂၀၂၃) ရက်နေ့တွင် မှတ်ပုံတင်စာချုပ် အမှတ်- ၄၂၆၀/၂၀၂၃ ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်-

PRINCETON
MANAGEMENT COLLEGE

အထက်တွင်ကပ်နှိပ်ဖော်ပြထားသည့် PRINCETON MANAGEMENT COLLEGE ဟူသော လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် စီးပွားရေးသင်တန်းကျောင်းဝန်ဆောင်မှုလုပ်ငန်းကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှတ်ပုံတင်သွင်းထားသော အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် လည်းကောင်း၊ လုပ်ငန်းအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မည်သူမဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြပါရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီ၏ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ အသုံးပြုကြောင်း တွေ့ရှိရပါက တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးသက်နိုင်ဦး (LL.B, LL.M, MRes (Law), D.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)
အမှတ်- ၁၅၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉ ၉၇၅၀ ၂၁၈၄၁

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ ကုန်းဘောင်(၁၀)လမ်း၊ မြေကွက်အမှတ်(၁၀၆၂/က)ဟု ခေါ်တွင်သည့် မြေအကျယ်(၂၀ x ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိုးညွန့်ဦး [၁၂/ဥကတ(နိုင်)၁၁၄၇၃၈]က မိမိသာလျှင် တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွန့်အောင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၂၆)**
**အမှတ်(၃၃/၄၉)၊ အခန်း(၃၃)၊ ပထမထပ်၊ STRAND CONDO ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၂၅၇၀၂**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တက္ကသိုလ် ရိပ်မွန်အိမ်ရာ၊သဇင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀)၊ မြေကွက်အမှတ် (၁၀၃)၊ မြေအကျယ်အဝန်း(၆၀'x၆၀')ပေ၊ ဧရိယာ(၀.၀၈၂)ဧကရှိ နှစ်(၆၀) မြေငှား ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေ စာရင်းတွင်ဒေါ်နွဲ့နွဲ့ဦးအမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေအမည်ပေါက် ဒေါ်နွဲ့နွဲ့ဦးထံမှ (၁၂-၁၀-၂၀၂၂) ရက်စွဲပါ "နှစ်ဦးသဘောတူအိမ် ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"အရ ဒေါ်ချိုချိုမွန်[၁၀/မလမ(နိုင်)၀၅၀၇၀၈]မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းတစ်ဦးတည်းကသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင် လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ် စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်းဝင်း**
**B.Sc, P.G.D.L, D.B.L, D.M.L**
**အထက်တန်းရှေ့နေ(စဉ်-၅၄၂၁၆)**
**တိုက်အမှတ်(၄/၃)၊ အခန်းအမှတ်(၄၄)၊ ရွှေအုန်းပင်အိမ်ရာ(၄)၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၀၉၃၆၅**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ ကွန်ဒို(အေ)ဟုခေါ်တွင်သော ကွန်ဒိုတိုက်အဆောက်အဦ၏ ဒုတိယထပ်၊ အခန်းအမှတ်(၂၀၈) ဧရိယာ(၁၀၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ယဉ်မင်းစိုး [၇/ဒဥန(နိုင်)၀၀၁၅၇၀]နှင့် ဒေါ်ပပစိုး[၇/ဒဥန(နိုင်)၀၀၇၃၀၆]တို့က အဆိုပါကွန်ဒိုတိုက်ခန်းကို မိမိတို့သာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန်သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါကွန်ဒိုတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရတနာညီထွဏ်း LL.B, DBL, DIL, DML, MA(Business Law)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၉၈၂)**
**တိုက်(၈၈)၊ မြေညီထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၅၁၁၈၃**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/တိုးချဲ့)၊ ငါးမာန်အောင်လမ်း၊ မြေကွက်အမှတ်(၈၉၈)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိနှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်သီရိအောင် [၁၂/အလန(နိုင်)၀၄၂၃၃၄] အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

---

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ ပုဂံလမ်းမကြီး၊ မြေကွက်အမှတ်(၇၇၀)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျားxအနံ (၄၀x၆၀)ပေ ဒေါ်မိုးမိုးဝင်း [၁၃/လလန(နိုင်)၀၄၉၀၀၉] အမည်ပေါက် ပါမစ်မြေကွက်အနက်မှ (ခြေရင်းခြမ်း) (မြေကွက်အမှတ်- ၇၇၁ နှင့်ကပ်လျက်) အကျယ်အဝန်း အလျားxအနံ (၂၀x၆၀) ပေ ပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ သီးပင်စားပင်အပါအဝင်မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ဝင်း [၁၂/မဂဒ(နိုင်)၀၀၉၄၆၀]နှင့် ဒေါ်လှလှညို [၁၂/မဂဒ(နိုင်)၀၀၉၄၆၁]တို့မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် ရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၁၅-၆-၂၀၂၃)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၆၉)**
**အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၁၁၀၁၁၃၄**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၆၊ အကွက်အမှတ်(၃၂၅)ဟု ခေါ်တွင်သော မြေအကျယ်(၄၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးစိန်မြင့်(AA-၀၃၇၅၁၄)၊ မြေချပါမစ် အမည်ပေါက်ပြီး တရားဝင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုပြီး ဒေါ်သင်းမာဌေး [၈/နမန(နိုင်)၂၀၈၀၁၈]ထံမှ ဝယ်ယူရန် ကမ်းလှမ်းရာတွင် ဒေါ်ဇင်မာညို [၁၂/သလန(နိုင်)၀၉၆၇၁၄]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဇင်မာညို**
**[၁၂/သလန(နိုင်)၀၉၆၇၁၄]**
**Ph:09-420015590,09-791673661**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက်အမှတ်(၁၃၄)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ်(၅)လွှာ၊ (ခြေရင်းခန်း)၊ (အောင်မင်္ဂလာလမ်းမှမျက်နှာမူလျှင် တိုက်၏လက်ဝဲဘက်အခြမ်း)၊ အလျား(၁၅)ပေxအနံ(၆၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ် တပ်ဆင်ထားသော ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရပ်ကတိစာချုပ်များနှင့် (၇-၂-၂၀၂၃)ရက်စွဲပါ "**နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်**" အရ ဒေါ်မေဇင်ထွေး [၁၀/ ခဆန(နိုင်)၀၆၅၈၆၅]မှ ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ဤကြေညာချက်ပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးသန့်ဇင် (LL.B,LL.M)** | **ဦးအောင်မျိုးခိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၄၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၃၆)** |

**အမှတ်(၁၉)၊ ပထမထပ်၊ ဂန္ဓမာလမ်း၊ (၆)ရပ်ကွက် ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၀၀၃၄**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အဆင့်မြင့်အိမ်ရာ၊ တာဝါအေ၊ (၁၄)ထပ်၊ အခန်းအမှတ်(A-၁၄၀၁)၊ (၇၇၀)စတုရန်းပေ (ဆောက်လုပ်ဆဲ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဒေါ်တင်ရွှေ [၁၂/လမတ(နိုင်)၀၁၄၁၂၉]ပိုင်ဆိုင်၍ စလစ်အရ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံသူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခိုင်သဥ္ဇာညို(LL.B)** | **ဒေါ်နွေးနွေးစိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၆၈၃ (၂၄-၁-၂၀၁၃)** | **စဉ်-၁၅၃၂၂ (၁၀-၁-၂၀၁၉)** |

**အမှတ်(၆၃/B)၊ (၃)လမ်း၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09420023210, Ph:09-420023186**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ သာစုလမ်း၊ အမှတ်(၂၂)ဟုခေါ်တွင်သည့် အကွက်အမှတ်(၁၇)၊ ပဲခူးစုမြောက်ကွက်၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၀.၀၉၃)ဧကအကျယ်ရှိ မြေကွက်ကြီးအတွင်းမှ မြေကွက်အကျယ်ပေ(၁၉x၈၀)ရှိ ဦးအောင်သန်းစိန် အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်သန်းစိန် (ဘ)ဦးမောင်တင် [၁၂/သခန(နိုင်)၀၅၃၇၉၈]ထံမှ ကျွန်ုပ် မိတ်ဆွေဖြစ်သော ဒေါ်တင်ဆွေအေး [၁၂/တမန(နိုင်)၀၉၂၉၀၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ဆွေအေး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၉၁၈၃**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၉)ရပ်ကွက်၊ မြေကွက်အမှတ်(၅၁၁)ဟုခေါ်တွင်သော ဦးဇော်ဝင်း အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်အား အရပ်စာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ထူးအောင် [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုထက်ထက်ဝေ [၁၂/မဂတ(နိုင်)၀၃၈၀၆၇]သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၇-၆-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်မျိုးချစ်(LL.B) ဒေါ်သက်ဝေအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၇၄) အထက်တန်းရှေ့နေ(စဉ်-၅၀၀၁၆)**

**တိုက်(B-8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**Ph: 09-778849700, 09-773562082**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒဂုံမြို့သစ်တောင်ပိုင်း (၇၂)ရပ်ကွက်၊ မဏိစည်သူလမ်း၊ အမှတ်-၉၂၈/က ပေါ်ရှိ (အလျား ပေ ၆၀ x အနံ ပေ၂၀) မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား (၁) ဒေါ်သီသီမာ [၁၂/ဒဂတ(နိုင်)၀၃၂၄၉၆]၊ (၂) ဦးအောင်ခိုင်ထွေး [၁၂/ဒဂတ(နိုင်)၀၃၂၇၈၀]တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ယနေ့သတင်းစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း အရောင်းအဝယ်ကိစ္စအား စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာဝင်း ဒေါ်အေးနန္ဒာအောင်(LL.B)**

**[၁၂/ဒဂန(နိုင်) ၀၂၉၁၅၆] တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၄၃)**

**09-421086533**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းမြောက်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၃)၊ ၃ လွှာ(ဘီ)၊ အကျယ်အဝန်း (၁၂½'x၅၀')တိုက်ခန်းအား ဦးမြခိုင်ဦး [၁၂/စခန(နိုင်)၀၂၂၄၂၆]နှင့် ဇနီး ဒေါ်ကြူကြူအောင်မှ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ဒေါ်ချိုဇင်ထွန်း [၁၂/စခန(နိုင်)၀၆၁၃၄၀]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဟေမာန်အောင်(LL.B,W.I.P.O)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၈/၁၇)**

**အမှတ်(၂၆)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၀၉၀၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်နေ (ဘ) ဦးရွှေလင်းယုံ၏ သမီးဖြစ်သူ ဒေါ်ဆောင်းသူဇာ [၁၄/မအပ(နိုင်)၂၉၂၆၄၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆောင်းသူဇာသည် ရန်ကုန်းတိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ်(အ/၁၂)၊ အလျား(၁၀.၆)ပေ x အနံ(၆၀)ပေရှိ မြေနှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သော ဦးကျော်လွင် [၁၂/တတန(နိုင်)၁၅၄၄၃၇] ကိုင်ဆောင်သူထံမှ (၆-၆-၂၀၂၃)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်မြေနေရာအား အရောင်းအဝယ်ပြုလုပ်ရာတွင် ကန့်ကွက်မည့်သူများရှိပါက ယခုသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၂၉-၆-၂၀၂၃)ရက်နေ့အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သီဂီလှိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၁၇၇ (၂၈-၂-၂၀၁၇)**

**အမှတ်- ၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့။**

**ဖုန်း-၀၉-၅၀၄၄၁၆၈၊ ၀၉-၇၈၅၀၄၄၁၆၈**

## "ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အမှတ်(၈၈)နေ ဦးရဲနိုင်လင်း [၁၂/လမတ(နိုင်)၀၃၀၆၆၉]နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ စိန္တကျော်သူဦးဩလမ်း၊ အမှတ်(၃၃၆)နေ ဦးအောင်ကိုဟိန်း [၁၂/ဥကမ(နိုင်)၂၃၈၄၄၃]တို့မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို မိမိတို့နှစ်ဦး၏ မူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်- ၄/၉၇၃၃၊ ၄/၉၇၃၄ (၃၀-၈-၂၀၁၈) ဖြင့် **Tea House၊ Coffee Shop၊ Restaurant၊ BBQ၊** လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ အအေးဆိုင်၊ မုန့်ဆိုင်၊ မြန်မာ့ရိုးရာအစားအသောက်အမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ မုန့်ဟင်းခါးခြောက်/အုန်းနို့ခေါက်ဆွဲခြောက်/မုန့်တီ/မုန့်ဖတ်ခြောက်အမျိုးမျိုး၊ အသားပေါင်း/ကောက်ညှင်းထုပ်/ပေါက်စီအမျိုးမျိုး၊ ကော်ဖီ/နို့/လက်ဖက်ရည်အမျိုးမျိုး၊ စားသောက်ကုန်အစို/အခြောက် ထုတ်လုပ်သည့် အစားအသောက်ပစ္စည်းအမျိုးမျိုး စသည့်စားသောက်ကုန်လုပ်ငန်းနှင့်ပတ်သက်သည့် အစားအသောက်အမျိုးမျိုးတို့ကို အသုံးပြုရန် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

AKKHAYA TEA HOUSE

အခရာ TEA HOUSE

အခရာ

ထို့အပြင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်၏ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်လွှာများကို မူပိုင်ခွင့်ဦးစီးဌာနတွင် (၂၉-၅-၂၀၂၃)ရက်နေ့မှစ၍ လျှောက်လွှာတင်ထားပြီးဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် အထက်ဖော်ပြပါ စာသောက်ကုန်လုပ်ငန်းအမျိုးမျိုး၊ အစားအသောက်အမျိုးမျိုးနှင့် အစားအသောက်နှင့်ပတ်သက်သောဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခြင်း၊ အစားအသောက်များ ကောင်းမွန်စွာထုတ်လုပ်ပြီး၊ အစားအသောက်နှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုးထုတ်လုပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်သမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၊ နိုင်ငံပေါင်းစုံတို့တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း၊ ထုတ်လုပ်ဖြန့်ချိလုပ်ကိုင်ရန်နှင့် ရောင်းချခြင်းများအတွက် အသုံးပြုဆောင်ရွက်မည်ဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အစားအသောက်အမျိုးမျိုး၊ ကုန်ပစ္စည်းတစ်မျိုးမျိုး၊ ဆိုင်ခန်း၊ အစားအသောက်နှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုးနှင့်ဆက်စပ်ပစ္စည်းများအား ထည့်သွင်းထုပ်ပိုးသည့် စက္ကူဘူး၊ ပလတ်စတစ်အိတ်၊ အဝတ်အထည်အစရှိသည့် ပါကင်ထုပ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း အရောင်/ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၊ ကပ်နှိပ်၊ အသားတံဆိပ်ပြုလုပ်၍ ဖော်ပြအသုံးပြုမည်ဖြစ်ပါသည်။

